ဆရာသန်းထိုက်အောင်ရဲ့ ၂၁ စာစဉ်အညွှန်း

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုသုတေသနဌာနက ထုတ်ဝေသည့်

# ၂၁– စာစဉ်အညွှန်း

သန်းထိုက်အောင်
ရာဇဝင်ကထိက
ဘဝတက္ကသိုလ်
ဩဂုတ် ၂၀၂၄

ဆရာသန်းထိုက်အောင်ပြုစုတဲ့ အောက်ပါ "၂၁– စာစဉ် အညွှန်း"ကို ပို့လိုက်ပါတယ်။
ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုသုတေသနဌာနက ထုတ်ဝေသည့်

# ၂၁– စာစဉ်အညွှန်း

## မာတိကာ

**အပိုင်း (၁)**


၁။ နိဒါန်း ၅–၇

၁၊ ၁။ ၂၁– စာစဉ် နောက်ခံသမိုင်းအကျဉ်း ၇–၁၀

၁၊ ၂။ စီစဉ်ထားရှိပုံ ၁၀–၁၅

၁၊ ၂၊ ၁။ အက္ခရာစဉ် ၁၅–၁၆

၁၊ ၂၊ ၂။ အသုံးပြုသည့် အတိုကောက် စာလုံးများ ၁၆–၁၇

၁၊ ၂၊ ၃။ ချန်လှပ်ထားသည့် ကဏ္ဍများ ၁၇

၁၊ ၃။ နိဒါန်းအတွက်ကျမ်းကိုးစာရင်း ၁၇–၁၈


**အပိုင်း (၂)**


၂။ အညွှန်း ၁၉

၂၊ ၁။ စာရေးသူအမည်ကဏ္ဍ ၁၉–၆၂

၂၊ ၂။ ပညာရပ်ကဏ္ဍ (ဆောင်းပါးများ) ၆၃–၈၇

**အပိုင်း (၃)**

၃။ ၂၁– စာစောင်နှင့် ချိတ်ဆက်ရယူဆောင်ရွက်ခြင်း ၈၈–၉၃

# ၂၁– စာစဉ်အညွှန်း

## အပိုင်း (၁)

### ၁။ နိဒါန်း

ဗမာပြည်ကွန်မြူနစ်ပါတီက ထုတ်ဝေခဲ့တဲ့၊ ထုတ်ဝေနေဆဲ စာစောင်ဂျာနယ် သုံးခုရှိပါတယ်။ **ပြည်သူ့အာဏာဂျာနယ်**၊ **အရေးတော်ပုံဂျာနယ်**နဲ့ **၂၁– စာစဉ်**တို့ ဖြစ်ပါတယ်။ **ပြည်သူ့အာဏာ**နဲ့ **အရေးတော်ပုံဂျာနယ်**တို့ကတော့ ထုတ်ဝေနေဆဲ ဂျာနယ်တွေ ဖြစ်ပါတယ်။ **၂၁– စာစဉ်**ကတော့ ၂၀၁၀ ခုနှစ်ကတည်းက ထုတ်ဝေမှု မရှိတော့ပါ။

ဂျာနယ်သုံးခုစလုံးဟာ သူ့ဟန်သူ့သဏ္ဍာန်နဲ့ ရပ်တည်နိုင်ကြပါတယ်။ **ပြည်သူ့အာဏာဂျာနယ်**ဟာ ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ အာဘော်နဲ့အညီ မူဝါဒခိုင်ခိုင်မာမာ ရင့်ကျက်ပြည့်ဝတဲ့ဟန်နဲ့ ဣန္ဒြေရှိရှိရပ်တည်နေပါတယ်။ **အရေးတော်ပုံဂျာနယ်**ကလည်း ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏ ကြွေးကြော်သံဆိုတဲ့အတိုင်း လှုပ်ရှားရုန်းကန်တော်လှန်တဲ့အသွင် ဆောင်ပါတယ်။ **၂၁– စာစဉ်**ကတော့ နိုင်ငံတကာနဲ့ရင်ဘောင်တန်းနိုင်မယ့် အသိပညာဖြန့်ဖြူးပေးတဲ့ ပညာရပ်ဆိုင်ရာစာစောင်တခုနဲ့ အလားသဏ္ဍာန်တူပါတယ်။ ဂျာနယ်တစောင်ချင်းစီအလိုက် ထုတ်ဝေထားတဲ့ စာစောင်စာအုပ်တွေ များလာတာနဲ့အမျှ အညွှန်းစာအုပ်တအုပ်စီလည်း ရှိသင့်တယ်လို့ ယူဆပါတယ်။

အညွှန်းဆိုတာ စာတအုပ်၊ ကျမ်းတစောင် (ဒါမှမဟုတ်) စာအုပ်ပေါင်း ကျမ်းပေါင်းများစွာထဲမှာ ပါရှိတဲ့ အမည်၊ ဝေါဟာရ၊ ပညာရပ်၊ နေရာနဲ့ တခြားအကြောင်းအရာအချက်အတွေကို အက္ခရာစဉ်အတိုင်း စီစဉ်ပြီး စာမျက်နှာနံပါတ်နဲ့တကွ တိတိကျကျ ဖော်ညွှန်းထားတဲ့ အသေးစိတ်စာရင်း ဖြစ်ပါတယ်။ အညွှန်းကို ကျမ်းစာအုပ်ထဲမှာထည့်သွင်းပြီး တွဲလျက်လည်း ပြုစုတတ်ကြသလို သီးခြားခွဲထုတ်ပြီးလည်း ပြုစုထုတ်ဝေလေ့ရှိပါတယ်။ ကျမ်းတစောင်ပေတဖွဲ့ဟာ ဘယ်လောက်ပင် ကောင်းနေပါစေ အညွှန်းမပါရင် ပါဝင်တဲ့ အကြောင်းအရာတွေကို အလွယ်တကူ တွေ့နိုင်ဖို့ရာ

ခက်ခဲပါတယ်။ ပြည့်စုံမှုလည်းမရှိနိုင်ပါ။ အညွှန်းမပါရင် လေ့လာစာဖတ်သူတွေ ပင်ပန်းဆင်းရဲမှုနဲ့ ကြုံတွေ့ရတတ်ပါတယ်။ သုတေသနပြုရေးမှာလည်း နှောင့်နှေးကြန့်ကြာတတ်ပါတယ်။ အညွှန်းပါရင် အညွှန်းကောင်းရင် လိုရာကို အချိန်တိုတိုနဲ့ သိရှိနိုင်ပြီး လေ့လာသူတွေအတွက် အချိန်ကုန်လူပန်း သက်သာစေပါတယ်။ တကယ်တော့ အညွှန်းဟာ လိုရာခရီးကို သက်သောင့်သက်သာ လျှင်မြန်ကောင်းမွန်စွာ ပို့ဆောင်ပေးနိုင်တဲ့ လမ်းညွှန်တခု ဖြစ်ပါတယ်။

ဒီနှစ်ဟာ ဗမာပြည်ကွန်မြူနစ်ပါတီထူထောင်ခြင်း ၈၅ နှစ်မြောက်နှစ်ဖြစ်တဲ့တွက် အမှတ်တရ အနေနဲ့ ပါတီကထုတ်ဝေတဲ့ ဂျာနယ်သုံးခုကို အညွှန်းပြုလုပ်ဖို့ ရည်မှန်းထားခဲ့ပါတယ်။ **အရေးတော်ပုံဂျာနယ်အညွှန်း** ကိုတော့ ပြီးခဲ့တဲ့ ဇွန်လကုန်ပိုင်းက ပြုစုပြီးခဲ့ပါပြီ။ ပါတီရဲ့မွေးနေ့ဖြစ်တဲ့ ၁၅ ဩဂုတ် ၂၀၂၄ မတိုင်မီ အချိန်နည်းနည်းရသေးတာနဲ့ နောက်ထပ်အညွှန်းတခု လုပ်ပေးဖို့ ဆန္ဒရှိလာပါတယ်။ ကျန်တဲ့စာစောင်နှစ်ခုထဲက ပြည်သူ့အာဏာဂျာနယ်အညွှန်း လုပ်ပေးဖို့တော့ အချိန်မလုံလောက်တော့ပါ။ ဒါ့ကြောင့် ရရှိတဲ့အချိန်အတွင်းမှာ ပြီးစီးနိုင်လောက်တဲ့ ၂၁–စာစဉ်အညွှန်းကို ပြုစုဖြစ်ခဲ့ပါတယ်။

၂၁– စာစဉ်ဟာ ထုတ်ဝေနေဆဲစာစောင်မဟုတ်တာက သူ့ရဲ့ ထူးခြားချက်ဖြစ်ပြီး အညွှန်းတရပ် အနေနဲ့ ထပ်ဖြည့်စရာမလိုဘဲ ပြီးစီးပြည့်စုံအောင် ဆောင်ရွက်ထားနိုင်တဲ့ အခွင့်ထူးရရှိစေပါတယ်။ စာအုပ် အရေအတွက်အရ သီးခြားအညွှန်းစာတအုပ်အနေနဲ့ ပြုစုဖို့အတွက်လည်း မနည်းလွန်း မများလွန်း အလိုက်သင့် အခြေအနေတရပ် ဖြစ်ပါတယ်။ သီးခြားစာတအုပ်အဖြစ် ပြုစုထားပေမယ့် ရှိနှင့်ပြီးဖြစ်တဲ့ **အရေးတော်ပုံဂျာနယ်အညွှန်း**နဲ့လည်း ကွဲပြားခြားမှုမရှိစေဖို့နဲ့ အဆက်အစပ်ရှိရှိ လေ့လာနိုင်စေဖို့ရာ စီစဉ်ထားရှိပုံ၊ အသုံးပြုသည့် အတိုကောက် စာလုံးများ၊ အက္ခရာစဉ်စနစ် အစရှိတာတွေကို တူညီအောင် ဆောင်ရွက်ထားပါတယ်။

၂၁– စာစဉ်အညွှန်းဟာ သုတေသီ သောတုဇနတွေအတွက် ရှိသင့်ရှိထိုက်တဲ့ စာစောင်အညွှန်းတခုလို့ ယူဆတဲ့အတွက် ပြုစုဖြစ်ပါတယ်။ အညွှန်းပြုစုသူ ကိုယ်တိုင်ကလည်း ဗမာပြည်ကွန်မြူနစ်ပါတီဝင် မဟုတ်တဲ့အပြင် ပါတီနဲ့ တစုံတရာပတ်သက်ဆက်နွှယ်မှု မရှိခဲ့တာကလည်း ဒီအညွှန်းတွေ လုပ်ဖြစ်စေခဲ့တဲ့ အကြောင်းရင်းတခုဖြစ်ပါတယ်။ ပညာရပ်ဆိုင်ရာ လုပ်ငန်းတခုအနေနဲ့သာ လုပ်ဖြစ်ခဲ့တာပါ။ ဘာအကျိုးအမြတ်မှလည်း မမျှော်ကိုးခဲ့သလို ရရှိမှုလည်း မရှိခဲ့ပါ။ ပါတီရဲ့ ဂျာနယ်မှာ ဖော်ပြပေးပြီး အသိအမှတ်ပြုခံရတာကိုသာ ဆုလဒ်တခုလို့ ခံယူထားပါတယ်။ ဂျာနယ်မှာဖော်ပြပေးတာကို ကြိုးပမ်းအားထုတ်ထားတာအတွက် ထိုက်တန်တဲ့ အသိအမှတ်ပြုမှုလို့သာ ခံယူထားပြီး တက္ကသိုလ်ကချီးမြှင့်တဲ့ ဘွဲ့လက်မှတ်ထက် တန်ဖိုးထားပါတယ်။ **ပြည်သူ့အာဏာဂျာနယ်**ကိုလည်း အခါအခွင့်သင့်တဲ့အခါ အညွှန်းပြုစုပါဦးမယ်။ အချိန်ကာလနဲ့

တခြားအခက်အခဲ အကန့်အသတ်တွေကြားက ပြုစုခဲ့ရတာကြောင့် လိုအပ်ချက်တွေရှိနေမှာ သေချာပါတယ်။ တွေ့ရှိသူပညာရှင်များက ဖြည့်စွက်ပြင်ဆင်သွားကြပါရန်လည်း တိုက်တွန်းနှိုးဆော် လိုက်ပါတယ်။

## ၁၊ ၁။ ၂၁– စာစဉ် နောက်ခံသမိုင်းအကျဉ်း

ဗမာပြည်ကွန်မြူနစ်ပါတီကထုတ်ဝေတဲ့ ၂၁– စာစဉ် သမိုင်းကိုပြောရင် တခြားဂျာနယ်တွေဖြစ်တဲ့ **ပြည်သူ့အာဏာဂျာနယ်** နဲ့ **အရေးတော်ပုံဂျာနယ်**တို့အကြောင်းကိုလည်း အနည်းငယ် တွဲဖက်ပြောမှ ပြည့်စုံပြီး ဇာတ်ရည်လည်ပါလိမ့်မယ်။

ဗမာပြည်ကွန်မြူနစ်ပါတီကို ၁၅ ဩဂုတ် ၁၉၃၉ မှာ စတင်တည်ထောင်ခဲ့လေတော့ ဗမာပြည်ကွန်မြူနစ်ပါတီကို တည်ထောင်ပြီးစ ၁၉၃၉ ခုနှစ်အတွင်းမှာပဲ **အရေးတော်ပုံဂျာ**နယ်ကို မရှေးမနှောင်း ထုတ်ဝေနိုင်ခဲ့တယ် (တာရာ ၂၀၂၄၊ ၉၆)။ **အရေးတော်ပုံဂျာနယ်**ကို ဖက်ဆစ်ဂျပန်တို့ ဗမာပြည်တွင်း ရောက်မလာသေးခင်က ဗမာပြည်ကွန်မြူနစ်ပါတီက လျှို့ဝှက်ထုတ်ဝေခဲ့တာ ဖြစ်ပါတယ်။ များများထုတ်ခွင့်မရခဲ့ဘဲ ဂျပန်တွေ ဝင်ရောက်လာတဲ့အခါ ဂျာနယ်ထုတ်ဝေတာကို ရပ်ဆိုင်းလိုက်ရပါတယ် (ဗကပ ၂၀၁၀၊ ၂)။

ဖက်ဆစ်တော်လှန်ရေးကြီး အောင်မြင်ပြီးဆုံးခါနီး ၃ မေ ၁၉၄၅ မှာ ဗမာပြည်ကွန်မြူနစ်ပါတီဟာ မြေအောက်လျှို့ဝှက်ပါတီအဖြစ်ကနေ  ဖြောင်လှုပ်ရှားနိုင်တဲ့ပါတီအဖြစ် တရားဝင် ပေါ်ထွက်လာခဲ့တယ် (ဝင်းတင့်ထွန်း ၂၀၁၃၊ ၆၈–၇၀)။ တရားဝင်လှုပ်ရှားနိုင်လာခဲ့တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ **ပြည်သူ့အာဏာဂျာနယ်**ကို ပါတီရဲ့ အာဘော်အနေနဲ့ ၂၉ စက်တင်ဘာ ၁၉၄၅ မှာ စတင်ထုတ်ဝေခဲ့တယ် (ဝင်းတင့်ထွန်း ၂၀၁၇၊ ၄၇)။

၁၉၄၈ ခုနှစ်ဆန်းပိုင်းမှာ ကွန်မြူနစ်ဆိုရှယ်လစ်ပဋိပက္ခဟာ ပိုမိုပြင်းထန်လာတယ်။ အာဏာလက်ရှိ ဆိုရှယ်လစ်တွေက သတင်းစာတိုက်တွေကို ရည်ရွယ်ချက်ရှိရှိနဲ့ အစီအစဉ်တကျ ဖျက်ဆီးခဲ့ကြတယ်။ အိုးဝေ၊ ပြည်သူ့ဟစ်တိုင်နဲ့ စီးပွားရေးသတင်းစာတိုက်ကြီး ၃ တိုက်ကို ၁၂ မတ် ၁၉၄၈ မှာ ဆိုရှယ်လစ်ခေါင်းဆောင်တချို့ဦးစီးပြီး အတင်းဝင်ရောက် ရိုက်ချိုးဖျက်ဆီးခဲ့တယ်။ ၂၅ မတ် ၁၉၄၈ မှာ **ပြည်သူ့အာဏာဂျာနယ်**တိုက် ချိတ်ပိတ်ခံလိုက်ရတယ် (ဝင်းတင့်ထွန်း ၂၀၁၃၊ ၇၁–၇၃)။

ဖက်ဆစ်တော်လှန်ရေးနှစ်ပတ်လည်နေ့ (၂၇ မတ် ၁၉၄၈) ညသန်းခေါင်ကျော်မှာ ကွန်မြူနစ်ခေါင်းဆောင်တွေ လူစုံနေတုန်း ကွန်မြူနစ်ပါတီဌာနချုပ်ရုံးကိုဝိုင်းပြီး ဗ.က.ပ ခေါင်းဆောင်တွေအားလုံးကို ဖမ်းဆီးထောင်ချနှိမ်နင်းဖို့ ဆိုရှယ်လစ်ဝန်ကြီးဦးကျော်ငြိမ်းက အကွက်ချကြိုတင်ပြင်ဆင် လိုက်လံဖမ်းဆီးခဲ့ပါတယ်။ ကွန်မြူနစ်ခေါင်းဆောင်တချို့သာ ဗိုလ်သက်ထွန်းရဲ့ အချိန်မီကြိုတင်သတိပေးချက်အရ လက်မတင်ကလေး ရှောင်တိမ်းနိုင်ခဲ့ကြတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီဟာ အကြမ်းဖက်နှိပ်စက်လာတဲ့ အုပ်ချုပ်သူအစိုးရကို လက်နက်ကိုင်နည်းနဲ့ ပြန်လည်တွန်းလှန်တိုက်ခိုက်သွားဖို့ဆုံးဖြတ်ခဲ့ရပြီး ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးကြီးကို ၂၈ မတ် ၁၉၄၈ မှာ စတင်ကြောင်း ကြေညာတိုက်ပွဲဝင်ခဲ့ပါတယ် (ဝင်းတင့်ထွန်း ၂၀၁၇၊ ၉၀-၉၁)။

လက်နက်ကိုင်တော်လှန်ရေးရဲ့အစမှာတော့ ပြည်သူ့အာဏာဂျာနယ်ကို မထုတ်ဝေနိုင်ခဲ့ပါ။ ၁၉၅၀-၅၁ ခုနှစ်အတွင်းမှာ **ပြည်သူ့အာဏာဂျာနယ်**ကို လစဉ်ထုတ် သဘောတရားရေးဂျာနယ်အနေနဲ့ ထုတ်ဝေခဲ့တယ်။ ဒုတိယအကြိမ် ထုတ်ဝေခဲ့တဲ့ ဒီဂျာနယ်ရဲ့ သက်တမ်းဟာ တနှစ်လောက်ပဲခံခဲ့တယ်။ ၁၉၅၄ ခုနှစ်မှာ တတိယအကြိမ် ထပ်မံထုတ်ဝေခဲ့တယ်။ သက်တမ်းကာလ တပတ်လောက်ပါပဲ။ ၁၉၆၆ ခုနှစ် ဇန်နဝါရီလ မှာ စတုတ္ထအကြိမ်ထုတ်ဝေခဲ့သေးတယ်။ ၁၉၈၇ ခုနှစ်ရောက်မှ **ပြည်သူ့အာဏာဂျာနယ်**ကို ပဉ္စမအကြိမ်အနေနဲ့ ပြန်လည်ထုတ်ဝေနိုင်ခဲ့တော့တယ် (စာတည်းအဖွဲ့ ၂၀၁၄၊ ၂၇၇)။ ပဉ္စမအကြိမ်အဖြစ် ပြန်လည်ထုတ်ဝေခဲ့တဲ့ **ပြည်သူ့အာဏာဂျာနယ်** အမှတ် ၁ ကို ၁၅ ဩဂုတ် ၁၉၈၇ ရက်စွဲနဲ့ စတင်ထုတ်ခဲ့ပါတယ်။

၁၉၉၉ ခုနှစ်အတွင်းမှာ **ပြည်သူ့အာဏာဂျာနယ်** အမှတ် ၁၇ နဲ့ ၁၈ ကိုထုတ်ဝေခြင်းနဲ့အတူ **၂၁ - စာစဉ်**ကိုလည်း တပြိုင်နက်တည်း ထုတ်ဝေနိုင်ခဲ့ပါတယ်။ **၂၁- စာစဉ်** အမှတ် ၁ ကို ၁၉၉၉ ခု မေလမှာ စတင်ထုတ်ဝေခဲ့ပါတယ်။ **၂၁- စာစဉ်** ဆိုတဲ့ နာမည်နဲ့ စာစောင်ထုတ်ဝေရခြင်းရဲ့ ရည်ရွယ်ချက်ကို "၂၁- စာစဉ်ထုတ်ဝေခြင်းနှင့်ပတ်သက်သည့် အမှာ" ထဲမှာ တိတိပပဖော်ပြရေးသားထားခဲ့တယ်။

"**၂၁-ရာစု**ကို ရည်စူးပြီး ဤအမည်ကို ယူပါသည်။ **၂၁- စာစဉ်**၏ ရည်ရွယ်ချက်မှာ တိုင်းပြည်အတွက် ၂၁-ရာစု အမြော်အမြင်နှင့် ဦးတည်ချက် ရရှိရေးဖြစ်ပါသည်။ ကမ္ဘာကြီး၏ အခြေအနေကို မသိလျှင် မှန်ကန်သည့် အမြော်အမြင်နှင့် ဦးတည်ချက် ရမည်မဟုတ်ပါ။ ထို့ကြောင့် **၂၁- စာစဉ်** သည် ကမ္ဘာကြီး၏ ပကတိအခြေအနေ မည်သို့ရှိနေသည်၊ နောင် မည်သို့ရှိလိမ့်မည်၊ ယခု မည်သည့်တွေးခေါ်မြော်မြင်မှုများ ရှိနေကြသည် စသည်တို့ကို ရှာဖွေကာ အရင်းအတိုင်းတင်ပြမည် ဖြစ်ပါသည်" (၂၁- စာစဉ် စာတည်းအဖွဲ့ ၁၉၉၉)။

**၂၁– စာစဉ်**ကို နှစ်စဉ်မပျက် ထုတ်ဝေခဲ့ရာ ၂၀၀၁ ခုနှစ် အမှတ် ၅ ထုတ်ဝေပြီးတဲ့နောက် ၃ နှစ်ခန့် ခေတ္တရပ်ဆိုင်းထားခဲ့တယ်။ ၂၀၀၅ ခုနှစ် မေလကျမှ ပြန်လည်ထုတ်ဝေနိုင်ခဲ့တယ်။ **၂၁– စာစဉ်** အမှတ် ၅ အထိ နိုင်ငံတကာရေးရာ ကောင်းနိုးရာရာတွေကို ဘာသာပြန်တင်ဆက်ခဲ့ပေမယ့် စာစဉ် အမှတ် ၆ ကစပြီး မူဝါဒပြောင်းလာတာ တွေ့ရပါတယ်။ ပိုမိုတိုးတက်ကောင်းမွန်လာတဲ့ ပြောင်းလဲမှုလို့လည်း ဆိုနိုင်ပါတယ်။

**၂၁– စာစဉ်** အမှတ် ၁ မှ ၅ အထိ တင်ပြခဲ့ရာမှာ မာ့က်စ်ဝါဒီပညာရှင်တွေရဲ့အမြင်သာမက တခြားပညာရှင်တွေ၊ နိုင်ငံရေးခေါင်းဆောင်၊ နိုင်ငံရေးသုခမိန်တွေရဲ့ အမြင်တွေကို အရင်းအတိုင်း ဘာသာပြန်တင်ဆက်ပေးခဲ့တာ ဖြစ်ပါတယ်။ စာစဉ် အမှတ် ၆ ကနေစတင်ပြီး ပြောင်းလဲလာတဲ့မူကို အထွေထွေအတွင်းရေးမှူး ရဲ့ အမှာထဲမှာ အခုလို ရေးသားထားပါတယ်။

“**၂၁– စာစဉ်**က ဘာသာပြန်ဆောင်းပါး ထည့်မှာမဟုတ်ပါ။ နိုင်ငံတကာပညာရှင်တွေရဲ့ မူရင်းဆောင်းပါးတွေကို လေ့လာပြီး၊ မိမိရဲ့ ရရှိချက်ကို တင်ပြတဲ့ ဆောင်းပါးကိုပဲ ထည့်ပါမယ်။ ဆောင်းပါးရှင်ကလောင်အမည်နဲ့ ဖော်ပြပါမယ်” (အထွေထွေအတွင်းရေးမှူး ၂၀၀၅၊ ၂)။

“နိုင်ငံတကာ့ရေးရာကို လေ့လာ၊ ဗမာပြည်လက်တွေ့နဲ့ ပေါင်းစပ်ကြရလိမ့်မယ်” လို့လည်း တပါတည်း လမ်းညွှန်ထားခဲ့ပါတယ် (အထွေထွေအတွင်းရေးမှူး ၂၀၀၅၊ ၂)။

နှစ်အနည်းငယ် ခေတ္တရပ်ဆိုင်းထားခဲ့ရတဲ့ **၂၁ – စာစဉ်**ကို ၂၀၀၅ ခုနှစ်ကစပြီး ဆက်လက်ထုတ်ဝေခဲ့ရာ ၂၀၀၉ ခုနှစ်ကုန်မှာ ထုတ်ဝေမှု ထပ်မံရပ်ဆိုင်းသွားခဲ့တယ်။ စာစဉ် အမှတ် ၁၄ အထိ ထုတ်ဝေနိုင်ခဲ့တယ်။ **၂၁ – စာစဉ်** ထုတ်ဝေမှုရပ်ဆိုင်းသွားပေမယ့် ၂၀၁၀ ခုနှစ်မှာ ပြန်လည်ထုတ်ဝေလာတဲ့ **အရေးတော်ပုံဂျာနယ်**ထဲမှာ “နိုင်ငံတကာ့ရေးရာ” ကဏ္ဍကို ဂရုတစိုက် ထည့်သွင်းဖော်ပြမြဲဖြစ်လို့ အသွင်သဏ္ဍာန်သာ ပြောင်းလဲသွားပေမယ့် အနှစ်သာရကတော့ ကျန်ရှိနေသေးတယ်လို့ ဆိုနိုင်ပါတယ်။ တနည်းအားဖြင့်ပြောရရင် **အရေးတော်ပုံဂျာနယ်**ထဲမှာ **၂၁– စာစဉ်**က ကဏ္ဍတရပ်အနေနဲ့ ပါဝင်နေဆဲလို့ ဆိုနိုင်ပါတယ်။ ယခုလက်ရှိမှာ ဗမာပြည်ကွန်မြူနစ်ပါတီက **ပြည်သူ့အာဏာဂျာနယ်** နဲ့ **အရေးတော်ပုံဂျာနယ်**တို့ကို အစဉ်မပြတ် ဆက်လက်ထုတ်ဝေလျှက် ရှိပါတယ်။

**၂၁ – စာစဉ်**ကို ၁၉၉၉ ခုနှစ်၊ မေလကနေ ၂၀၀၉ နှစ် နိုဝင်ဘာလအထိ စုစုပေါင်း ၁၄ အုပ် ထုတ်ဝေပြီးခဲ့ပါပြီ။ **၂၁ – စာစဉ်**ရဲ့ နှစ်အလိုက် ထုတ်ဝေမှုကို ဖော်ပြပါ့မယ်။ ထုတ်ဝေတဲ့ခုနှစ်၊ အုပ်ရေ၊ အတွဲအမှတ်၊ ထုတ်ဝေတဲ့လ တို့ကိုပါ တပါတည်းတွဲဖက်ပြီး အောက်မှာ ဖော်ပြထားပါတယ်။

၁၉၉၉ [၂ အုပ်] – အမှတ် ၁ (မေ)။ အမှတ် ၂ (အောက်တိုဘာ)။

၂၀၀၀ [၂ အုပ်] – အမှတ် ၃ (မတ်)။ အမှတ် ၄ (ဩဂုတ်)။

၂၀၀၁ [၁ အုပ်] – အမှတ် ၅ (ဇွန်)။

၂၀၀၅ [၃ အုပ်] – အမှတ် ၆ (ဖေဖော်ဝါရီ)။ အမှတ် ၇ (ဇူလိုင်)။ အမှတ် ၈ (ဒီဇင်ဘာ)။

၂၀၀၆ [၂ အုပ်] – အမှတ် ၉ (ဧပြီ)။ အမှတ် ၁၀ (နိုဝင်ဘာ)။

၂၀၀၇ [၁ အုပ်] – အမှတ် ၁၁ (ဩဂုတ်)။

၂၀၀၉ [၃ အုပ်] – အမှတ် ၁၂ (ဇန်နဝါရီ)။ အမှတ် ၁၃ (မေ)။ အမှတ် ၁၄ (နိုဝင်ဘာ)။

## ၁၊ ၂။ စီစဉ်ထားရှိပုံ

**၂၁–စာစဉ်** အညွှန်းကို ယေဘုယျအားဖြင့် အပိုင်း ၃ ပိုင်း ခွဲခြားတင်ဆက်ထားပါတယ်။ အပိုင်း ၁ နိဒါန်းပိုင်းမှာ အညွှန်းကို ပြုစုရတဲ့ရည်ရွယ်ချက်နဲ့ အသုံးပြုနိုင်ဖို့အတွက် စီစဉ်ထားရှိပုံတို့ကို လမ်းညွှန်ဖော်ပြထားပါတယ်။ အပိုင်း ၂ မှာ စာရေးသူအမည်ကဏ္ဍနဲ့ ပညာရပ်ကဏ္ဍ နှစ်ခုပါဝင်ပြီး စာရေးသူအမည်အနေနဲ့ရှာရှာ၊ စာခေါင်းစီးနဲ့ပဲရှာရှာ၊ ပညာရပ်အနေနဲ့ပဲရှာရှာ အလွယ်တကူ တွေ့ရှိနိုင်စေဖို့ အညွှန်းပြုစုထားပါတယ်။ အပိုင်း ၃ မှာတော့ **၂၁–စာစဉ်** တအုပ်ချင်းရဲ့ အပြင်ပန်းဖွဲ့စည်းပုံ သွင်ပြင်လက္ခဏာအပါအဝင် ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ဝက်ဘ်ဆိုက်ကနေ တိုက်ရိုက်ချိတ်ဆက် ရယူဖတ်ရှုနိုင်မယ့် အင်တာနက်အချိတ်အဆက်လင့် Link တွေကို ဖော်ပြပေးထားပါတယ်။ ဒါ့ကြောင့် မိမိလိုရာ အကြောင်းအရာအချက်အလက်ကို အပိုင်း ၁ ရဲ့ လမ်းညွှန်ချက်အတိုင်း အပိုင်း ၂ မှာ ရှာဖွေမယ်။ အပိုင်း ၂ မှ ရရှိလာတဲ့ ဖော်ပြချက်အညွှန်းအတိုင်း အပိုင်း ၃ မှာရှိတဲ့ သက်ဆိုင်ရာ **၂၁–စာစဉ်** အမှတ်ကို လွယ်လင့်တကူ ရှာဖွေချိတ်ဆက်ရယူနိုင်မှာ ဖြစ်ပါတယ်။

အပိုင်း ၂ အညွှန်းမှာရှိတဲ့ စာရေးသူအမည်ကဏ္ဍနဲ့ ပညာရပ်ကဏ္ဍတွေမှာ စီစဉ်ထားပုံကိုလည်း ဆိုပါဦးမယ်။ စာရေးသူအမည်ကဏ္ဍမှာ စာရေးသူတွေရဲ့နာမည်တွေကို အက္ခရာစဉ်အလိုက် ရေးသား

ဖော်ပြထားပါမယ်။ စာရေးသူတဦးချင်းရဲ့အမည်အောက်မှာ စာရေးသူက **၂၁–စာစဉ်** ထဲမှာ ရေးသား ထားခဲ့သမျှ ဆောင်းပါးအားလုံးတို့ရဲ့အမည်တွေကိုလည်း အက္ခရာစဉ်အတိုင်း ဖော်ပြထားပါတယ်။

စာရေးသူတယောက်ချင်းရဲ့အမည်အောက်မှာ သူရေးသမျှစာ တပုဒ်ချင်းစီကို (၁) စာခေါင်းစီး၊ (၂) သက်ဆိုင်ရာ စာစဉ်ရဲ့ အမှတ်၊ ထုတ်ဝေတဲ့ (လနဲ့ ခုနှစ်)၊ စာမျက်နှာနံပါတ် (အစ–အဆုံး) တို့ကို အစဉ်လိုက် ဖော်ပြထားပါတယ်။ အဆုံးသတ်မှာတော့ သက်ဆိုင်ရာ ပညာရပ်ကဏ္ဍရဲ့ အတိုကောက်စာလုံးကို လေးထောင့်ကွင်းထဲမှာ ဖော်ပြထားပါတယ်။ နမူနာအနေနဲ့ အောက်မှာ ဖော်ပြပါ့မယ်။

**အောင်ပင်လယ်**

စစ်နဲ့ တော်လှန်ရေးကို ပြောင်းရွှေ့ခြင်း သို့မဟုတ်။ **၂၁– စာစဉ်** မှတ် ၁၄ (နို ၂၀၀၉)၊ ၄၃–၄၇။ [ဆ/နိုင်ကာ]

တရုတ်တို့ရဲ့ မာ့က်စ်ဝါဒကို လေ့လာခြင်း။ **၂၁– စာစဉ်** မှတ် ၁၃ (မေ ၂၀၀၉)၊ ၁၁၉–၃၂။ [ဆ/မ]

ပညာရပ်ကဏ္ဍမှာတော့ အထက်ကဆိုခဲ့တဲ့ စာရေးသူအမည်ကဏ္ဍမှာ ဖော်ပြခဲ့ပြီးဖြစ်တဲ့ ဆောင်းပါးတွေရဲ့ ခေါင်းစီးကို အက္ခရာစဉ်အတိုင်း ဖော်ပြထားပါတယ်။ ဖော်ပြရာမှာ (၁) ခေါင်းစီး၊ (၂) စာရေးသူအမည်၊ (၃) စာစောင်အမှတ်နဲ့ စာမျက်နှာ (စ–ဆုံး) တို့ကို အစဉ်လိုက် စဉ်ထားပါတယ်။ နမူနာအနေနဲ့ ဆောင်းပါး ကမ္ဘာ့ကုလသမဂ္ဂရေးရာ [ဆ/ကလ] ထဲက စာခေါင်းစီး ၂ ခုကို ထုတ်ပြပါ့မယ်။

ကုလသမဂ္ဂနဲ့ ကမ္ဘာ့စည်းစနစ်သစ်။ မောင်သန်းမြရွှေ။ **၂၁– စာစဉ်** မှတ် ၈ (ဒီ ၂၀၀၅)၊ ၄၁–၅၂။

ကုလသမဂ္ဂနဲ့ ဟိုင်ပါပါဝါ အမေရိကန်။ ကြည်ဝင်း။ **၂၁– စာစဉ်** မှတ် ၇ (ဇူ၂၀၀၅)၊ ၄၆–၅၁။

စာရေးသူရဲ့ နာမည်ကို ပညာရပ်ကဏ္ဍမှာ စာရင်းသွင်းတဲ့အခါ မူရင်းကလောင်အမည်အတိုင်း ဖော်ပြထားပေမယ့် စာရေးသူအမည်ကဏ္ဍမှာ စာရင်းသွင်းတဲ့အခါမှာတော့ အမည်ရှေ့မှာပါတဲ့ (ကို၊ ဒေါ်၊ ဒေါက်တာ၊ မ၊ မောင်၊ ရဲဘော်၊ သခင်၊ ဦး... အစရှိတဲ့) ဂုဏ်ထူးဝိသေသတွေကို နောက်ကိုပို့ထားပါတယ်။

သို့ပေမယ့် စာရေးသူရဲ့ မူလကလောင်အမည်နဲ့ရှာခဲ့ရင်လည်း အလွယ်တကူ တွေ့ရှိနိုင်စေဖို့ "ကြည့်" အညွှန်းနဲ့ လမ်းစဖော်ပေးထားပါတယ်။ သာဓကအနေနဲ့ ပြောပါ့မယ်။ ကလောင်နာမည် "ရဲဘော်ရှုယဉ်" ရဲ့စာတွေကို ရှာချင်ရင် စာရေးသူအမည်ကဏ္ဍထဲက "ရဲဘော်ရှုယဉ်" နေရာမှာ "**ရှုယဉ်၊ ရဲဘော်**" ကို "ကြည့်" လို့ ညွှန်းထားပါလိမ့်မယ်။ အောက်မှာ နမူနာ ကြည့်ပါ။

ရဲဘော်ရှုယဉ်
**ရှုယဉ်၊ ရဲဘော်** ကြည့်

ဒီနေရာမှာ ပိုမိုရှင်းလင်းစေဖို့အတွက် မူရင်းကလောင်အမည် "ရဲဘော်ရှုယဉ်" ကို ရိုးရိုးစာလုံးနဲ့ပဲ ဖော်ပြပြီး စာရင်းသွင်းအသုံးပြုမယ့် "**ရှုယဉ်၊ ရဲဘော်**" ကိုတော့ စာလုံးမည်း (Bold) နဲ့ဖော်ပြမှာ ဖြစ်ပါတယ်။ စာလုံးမည်းနဲ့ ဖော်ပြထားတဲ့ "**ရှုယဉ်၊ ရဲဘော်**" နေရာကိုသွားကြည့်မှသာ ကိုယ်ရှာဖွေလိုတဲ့ စာရေးသူ "ရဲဘော်ရှုယဉ်" ရေးသားခဲ့တဲ့စာတွေရဲ့ အညွှန်းကို တွေ့ရမှာပါ။ စာရေးသူအမည်ကဏ္ဍမှာ စာရင်းသွင်းအသုံးပြုမယ့် စာရေးသူတိုင်းရဲ့အမည်ကို စာလုံးမည်းနဲ့သာ ဖော်ပြထားပါတယ်။

**ရှုယဉ်၊ ရဲဘော်**

ဂျပန် ဘယ်လဲ။ **၂၁– စာစဉ်** မှတ် ၇ (ဇူ၂၀၀၅)၊ ၂၀–၂၃။ [ဆ/နိုင်ကာ]

နေတိုး အရှေ့တိုးရေးပြဿနာ။ **၂၁– စာစဉ်** မှတ် ၁၂ (ဇန် ၂၀၀၉)၊ ၈၅–၈၈။ [ဆ/နိုင်ကာ]

ပူတင်ရဲ့ ကမ်းလှမ်းချက်။ **၂၁– စာစဉ်** မှတ် ၁၁ (ဩ ၂၀၀၇)၊ ၅၈–၆၀။ [ဆ/စစ်]

တခါတရံမှာ စာရေးသူဟာ တဦးတယောက်တည်းလို့ ယူဆရမယ့် သူတွေကို တွေ့ရပါတယ်။ ကောင်းဇံ နဲ့ ရဲဘော်ကောင်းဇံ၊ မင်းထွန်း နဲ့ ရဲဘော်မင်းထွန်း၊ မသန်းအေး၊ ရဲဘော်သန်းအေး နဲ့ ရဲဘော်မသန်းအေး ...အစရှိသဖြင့် တွေ့ရတဲ့အခါ သက်ဆိုင်ရာဂျာနယ်ထဲမှာ ဖော်ပြထားတဲ့ ကလောင်နာမည် အတိုင်းသာ စာရေးသူအမည်ကို နှစ်မျိုးတွေ့ရင် နှစ်မျိုး၊ သုံးမျိုးတွေ့ရင် သုံးမျိုးစလုံး စာရင်းသွင်း ဖော်ပြထားပါတယ်။

တချို့ဆောင်းပါးတွေက ဘာသာပြန်ဆောင်းပါး ဖြစ်ပေမယ့် ဘာသာပြန်သူရဲ့ နာမည်ကို ဖော်ပြမထားရင် မူရင်းစာရေးသူအမည်နဲ့သာ ဖော်ပြထားလိုက်ရပါတယ်။ မူရင်းစာရေးသူအမည်ကို

ဖေါ်ပြရာမှာ မြန်မာစာလုံးနဲ့ အသံလှယ်ထားရင် မြန်မာစာလုံးနဲ့ဖေါ်ပြပြီး မြန်မာစာလုံးနဲ့ အသံလှယ်မထားမှသာ အင်္ဂလိပ်စာလုံးကို အသုံးပြုထားပါတယ်။

**ကက်စထရို၊ ဖီဒယ်လ်**

တောင်ပိုင်းနိုင်ငံများ၏ ထိပ်သီးဆွေးနွေးပွဲ၌ ပြောကြားသော မိန့်ခွန်း။ **၂၁– စာစဉ်** မှတ် ၅ (ဇွန် ၂၀၀၁)၊ ၃၄–၄၂။ [ဆပြန်/စီး]

**Chomsky, Noam**

ကိုဆိုဗို ငြိမ်းချမ်းရေး သဘောတူညီချက်။ **၂၁– စာစဉ်** မှတ် ၂ (အောက် ၁၉၉၉)၊ ၃၈–၄၅၊ ၅၀။ [ဆပြန်/စစ်]

မူရင်းစာရေးသူရဲ့အမည်ကို မြန်မာစာလုံးနဲ့ရော အင်္ဂလိပ်စာလုံးနဲ့ပါ နှစ်မျိုးလုံး အသုံးပြုထားရင် မြန်မာစာလုံးပေါင်းနောက်မှာ အင်္ဂလိပ်စာလုံးပေါင်းကို လက်သဲကွင်းနဲ့ ဖေါ်ပြပေးထားပါတယ်။

ဝေဟင်ထဲရှိ မွှားကောင်အရွယ် သူလျှိုကင်မရာများ။ မိုက်ကယ် အီဗန်စ် (Michael Evans)။ **၂၁– စာစဉ်** မှတ် ၄ (ဩ ၂၀၀၀)၊ ၃၅–၃၆။

တခါတရံမှာ မူရင်းစာရေးသူအမည်ရော ဘာသာပြန်သူအမည်ရော နှစ်မျိုးလုံး မပါရှိခဲ့ရင် ဆောင်းပါးခေါင်းစီးအမည်နဲ့သာ စီစဉ်ဖေါ်ပြထားပါတယ်။

**၂၁ ရာစု ဆိုရှယ်လစ်စနစ်ရဲ့ ရာစုသစ်**

၂၁ ရာစု ဆိုရှယ်လစ်စနစ်ရဲ့ ရာစုသစ်။ **၂၁– စာစဉ်** မှတ် ၃ (မတ် ၂၀၀၀)၊ ၄၅–၄၈။ [ဆပြန်/မ]

ဆောင်းပါးတပုဒ်ကို စာရေးသူ ၂ ဦးက ပူးတွဲပြုစုတဲ့အခါ စာရေးသူ ၂ ဦးလုံးရဲ့အမည်တွေကို သက်ဆိုင်ရာနေရာမှာ ဖော်ပြပေးထားပြီး “ကိုလည်းကြည့်” (see also) နဲ့ ပြန်လှန်ညွှန်းထားပါတယ်။ အောက်မှာ နမူနာ ကြည့်ပါ။

**အောင်နိုင်ဦး၊ ရဲဘော်**

အလယ်အာရှဒေသက အင်အားကြီးနိုင်ငံများရဲ့ လွန်ပွဲ။ **၂၁– စာစဉ်** မှတ် ၉ (ဧ ၂၀၀၆)၊ ၈၈–၉၂။ [ဆ/နိုင်ကာ]
မှတ်ချက်။ ။ ဤဆောင်းပါးကို ရဲဘော်အောင်နိုင်ဦး နှင့် ရဲဘော်ဝင်းချို ပူးတွဲရေးသားထားခြင်း ဖြစ်သည်။ **ဝင်းချို၊ ရဲဘော်** ကိုလည်းကြည့်။

**ဝင်းချို၊ ရဲဘော်**

အလယ်အာရှဒေသက အင်အားကြီးနိုင်ငံများရဲ့ လွန်ပွဲ။ **၂၁– စာစဉ်** မှတ် ၉ (ဧ ၂၀၀၆)၊ ၈၈–၉၂။ [ဆ/နိုင်ကာ]
မှတ်ချက်။ ။ ဤဆောင်းပါးကို ရဲဘော်အောင်နိုင်ဦး နှင့် ရဲဘော်ဝင်းချို ပူးတွဲရေးသားထားခြင်း ဖြစ်သည်။ **အောင်နိုင်ဦး၊ ရဲဘော်** ကိုလည်းကြည့်။

တချို့ဆောင်းပါးတွေမှာလည်း စာရေးသူအမည် မပါရှိတာ တွေ့ရတတ်တယ်။ တာဝန်ခံအဖြစ် အဖွဲ့အစည်းတရပ် ဒါမှမဟုတ် ဌာနတခုခုကို သုံးထားပါတယ်။

**အိန္ဒိယကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ)**

ကွန်မြူနစ်တို့ရှေ့မှောက်ရှိ လုပ်ငန်းတာဝန်များ။ **၂၁– စာစဉ်** မှတ် ၄ (ဩ ၂၀၀၀)၊ ၁–၆။ [ဆပြန်/မ]

**ဗဟိုသုတေသနဌာန**

မြသန်းတင့် တောင်သမန်ရွှေအင်းက လေညှင်းဆော်တော့ (ဒုတိယအုပ်) အတွက် ဗဟိုသုတေသနဌာနရဲ့ မှတ်ချက်။ **၂၁– စာစဉ်** မှတ် ၉ (ဇ ၂၀၀၆)၊ ၁၅။ [ဆ/စာ]

စာရေးသူတိုင်းရဲ့ စာအားလုံးကို မှတ်ချက် (Annotation) ရေးမပေးနိုင်ပေမယ့် လိုအပ်မယ်ထင်တဲ့ တချို့စာတွေကိုတော့ စာရေးသူကဏ္ဍမှာ မှတ်ချက်အကျဉ်း ရေးပေးထားပါတယ်။ ဘာသာပြန်ဆောင်းပါးတွေအတွက် မူရင်းစာရေးသူ၊ ဆောင်းပါးအမည်နဲ့ ရယူခဲ့တဲ့ ရင်းမြစ်တွေကို ဖော်ပြပေးထားပါတယ်။

**ကယ်လ်လီယို၊ ဒေးဗစ်ပီ**

အမေရိကန်ပြည်ထောင်စုနှင့် အင်အားကြီးများ။ **၂၁– စာစဉ်** မှတ် ၅ (ဇွန် ၂၀၀၁)၊ ၁၀–၂၀။ [ဆပြန်/နိုင်ကာ]
*World Policy Journal* အတွဲ ၁၆၊ အမှတ် ၃ (ဆောင်းဦး ၁၉၉၉) မှ John Hopkins တက္ကသိုလ် အဆင့်မြင့်နိုင်ငံတကာလေ့လာရေး ညွှန်ကြားရေးမှူး ပါမောက္ခ ဒေးဗစ်ပီ၊ ကယ်လ်လီယို (David P. Calleo) ၏ “The United States and the Great Powers” ဆောင်းပါးကို ဘာသာပြန်ဆိုထားသည်။

တချို့ခေါင်းစီးတွေက ဘာအကြောင်းအရာရေးထားသလဲဆိုတာ မပေါ်လွင်ခဲ့ရင်လည်း အောက်မှာမှတ်ချက် ရေးပြီး ခေါင်းစဉ်ငယ်လေးတွေနဲ့ လမ်းစဖော်ပေးထားပါတယ်။

## ရာပြည့်

တိုတိုထွာထွာ ရေးချင်ရာရာ။ **၂၁– စာစဉ်** မှတ် ၁၁ (ဩ ၂၀၀၇)၊ ၂၅–၂၇။ [ဆ/စာ]
(၁) ဦးနု၏ “ငါးနှစ်ရာသီဗမာပြည်” ဒုတိယအကြိမ် ဖတ်ပြီးနောက် အတွေးများ၊ (၂) စစ်ဗိုလ်ဟောင်းတွေ စာအုပ်ရေးထုတ်ကြတဲ့အခါ၊ (၃) သခင်တင်မြ ဘုံဘဝမှာဖြင့် တတိယတွဲ ရေးသင့်တယ်၊ (၄) နိုင်ငံရေး အတွေးအခေါ် ဖြန့်ဝေသူများ ပါရှိပါသည်။

**၁၊ ၂၊ ၁။ အက္ခရာစဉ်**

အညွှန်းဆိုတာ စာအုပ်မှာဖော်ပြထားတဲ့ အကြောင်းအရာ အချက်အလက်တွေ ဘယ်နေရာ ဘယ်စာမျက်နှာမှာရှိတယ်ဆိုတာ အလွယ်တကူသိရှိနိုင်ဖို့ စီစဉ်ထားတာ ဖြစ်ပါတယ်။ စီစဉ်တဲ့အခါ

အက္ခရာစဉ်အတိုင်း စီရပါတယ်။ ဒါ့ကြောင့် ဒီအညွှန်းမှာ သုံးစွဲမယ့် အက္ခရာစဉ်နည်းကို ဦးစွာဆိုရပါမယ်။ အက္ခရာစဉ်ရာမှာ မြန်မာစာအဖွဲ့ကထုတ်ပြန်ထားတဲ့ အဘိဓာန် အက္ခရာစဉ်စနစ်အတိုင်း သုံးစွဲထားပါတယ်။

**၂၁–စာစဉ်**ထဲမှာ စာရေးသူနာမည်တွေနဲ့ စာခေါင်းစီးတွေကို မြန်မာအက္ခရာနဲ့သာမက မြန်မာကိန်းဂဏန်း ရက်စွဲတွေ၊ အင်္ဂလိပ်အက္ခရာ၊ အင်္ဂလိပ်ကိန်းဂဏန်းရက်စွဲတွေနဲ့လည်း ရေးသားထားတာ တွေ့ရပါတယ်။ ဒါ့ကြောင့်မို့ မြန်မာအက္ခရာ (က မှ အ) အားလုံးရဲ့နောက်မှာ မြန်မာကိန်းဂဏန်းများနဲ့ စတင်တဲ့ အမည်များ၊ စာများကို စီစဉ်ထားပါတယ်။ ကိန်းဂဏန်းတွေ၊ ရက်စွဲတွေကို စဉ်ရာမှာလည်း ငယ်စဉ်ကြီးလိုက် (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉ ....) အနုအရင့်အလိုက် စီစဉ်ထားပါတယ်။ မြန်မာအက္ခရာ၊ မြန်မာကိန်းဂဏန်း ရက်စွဲတွေရဲ့ နောက်မှာမှ အင်္ဂလိပ်အက္ခရာ (A – Z)၊ အင်္ဂလိပ်ကိန်းဂဏန်းများကို အင်္ဂလိပ်အက္ခရာစဉ်နည်းအတိုင်း စီစဉ်ထားပါတယ်။

### ၁၊ ၂၊ ၂။ အသုံးပြုသည့် အတိုကောက် စာလုံးများ

၂၁– စာစဉ်အညွှန်းမှာ အောက်ပါအတိုကောက် စာလုံးတွေကို သုံးစွဲထားပါတယ်။

ကလ – ကမ္ဘာ့ကုလသမဂ္ဂရေးရာ
စာ – စာအုပ်စာပေသုံးသပ်လေ့လာရေး
စီး – စီးပွားရေး၊ ငွေကြေးနှင့် ဘဏ္ဍာရေးဆိုင်ရာ
စစ် – စစ်မှုရေးရာ
ဆ – ဆောင်းပါး
ဆပြန် – ဘာသာပြန်ဆောင်းပါး
ဇူ – ဇူလိုင်
ဇန် – ဇန်နဝါရီ
တန – တော်လှန်ရေးနည်းနာ
ထုပ် – အတ္ထုပ္ပတ္တိ
ဒီ – ဒီဇင်ဘာ
နို – နိုဝင်ဘာ
နိုင် – နိုင်ငံရေးဆိုင်ရာ
နိုင်ကာ – နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံတကာရေးရာ

နိုင်ကွန် – နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှု
ပြန် – ဘာသာပြန်
ဖေ – ဖေဖော်ဝါရီ
မ – မဒ္ဒက်စ်ဝါဒရေးရာ
မှတ် – အမှတ်
သ – သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတရေးရာ
သမိုင်း – သမိုင်းဆိုင်ရာ
ဧ – ဧပြီ
ဩ – ဩဂုတ်
အောက် – အောက်တိုဘာ

### ၁၊ ၂၊ ၃။ ချန်လှပ်ထားသည့် ကဏ္ဍများ

**၂၁–စာစဉ်**မှာပါရှိတဲ့ အောက်ပါကဏ္ဍတွေကို ချန်လှပ်ထားခဲ့ပါတယ်။

(၁) စာတည်းအဖွဲ့ရဲ့ အမှာ၊
(၂) ခေတ်ပုံမှတ်တမ်း၊
(၃) သတင်းနဲ့ မှတ်ချက်၊

### ၁၊ ၃။ နိဒါန်းအတွက်ကျမ်းကိုးစာရင်း

စာတည်းအဖွဲ့ (ပြည်သူ့အာဏာဂျာနယ်)။ ၂၀၁၀။ "၆၅ နှစ် ခရီး။" **ပြည်သူ့အာဏာဂျာနယ်** မှတ် ၃၂ (စက်တင်ဘာ)၊ ၉–၁၀။

––––––။ ၂၀၁၄။ "ပြည်သူ့အာဏာထုတ်ဝေခြင်းမှတ်တမ်း။" **ပြည်သူ့အာဏာဂျာနယ်** မှတ် ၃၇ (စက်တင်ဘာ)၊ ၂၇၇။

စာတည်းအဖွဲ့ (အရေးတော်ပုံဂျာနယ်)။ ၂၀၁၀။ "စာမူရှင်များသို့။" **အရေးတော်ပုံဂျာနယ်** တွဲ ၁၊ မှတ် ၁ (နိုဝင်ဘာ)၊ ၅။

ညွန့်မြင့်၊ ဒေါ် နှင့် အပေါင်းအသင်း။ ၁၉၇၅။ **၁၉၇၃ ခု မဂ္ဂဇင်းများအညွှန်း**။ ရန်ကုန်၊ စိုးစိုးစာစဉ်။

တာရာ၊ ဒဂုန်။ ၂၀၂၄။ **ရုပ်ပုံလွှာ**။ ပဥ္စမအကြိမ်။ ရန်ကုန်၊ စိတ်ကူးချိုချိုစာအုပ်တိုက်။

ဗကပ (ဗဟို)။ ၂၀၁၀။ "အရေးတော်ပုံဂျာနယ် ထမ်းဆောင်မည့်တာဝန်များ [ခေါင်းကြီးပိုင်း]။" **အရေးတော်ပုံဂျာနယ်** တွဲ ၁၊ မှတ် ၁ (နိုဝင်ဘာ)၊ ၂။

ဗသိန်းတင်၊ သခင်။ ၁၉၈၇။ "ပြည်သူ့အာဏာဂျာနယ် ထုတ်ဝေခြင်းအတွက် ဥက္ကဋ္ဌသခင်ဗသိန်းတင်၏ အမှာစာ။" **ပြည်သူ့အာဏာဂျာနယ်** မှတ် ၁ (ဩဂုတ်)၊ ၁–၃။

ဝင်းတင့်ထွန်း။ ၂၀၁၃။ **ဗမာပြည် နိုင်ငံရေးပါတီ အဖွဲ့အစည်း အသင်းအပင်းများအညွှန်း**။ ရန်ကုန်၊ နွယ်နီစာအုပ်တိုက်။

------။ ၂၀၁၇။ **အမှောင်ကြားက ဗမာပြည်၊ အနီးခေတ် ဗမာပြည်နိုင်ငံရေးလှုပ်ရှားမှုသမိုင်းအကျဉ်း (၁၉၄၈–၂၀၀၀)**။ ရန်ကုန်၊ နွယ်နီစာအုပ်တိုက်။

သန်းထိုက်၊ ဦး။ ၂၀၁၂။ "အညွှန်းပြုစုခြင်း (Indexing)။" **မြန်မာပညာရပ်များ စာစောင်**– ၁ မှ၊ ၁၄၁–၄၉။ ရန်ကုန်၊ ရွှေရုပ်စာပေတိုက်။

အထွေထွေအတွင်းရေးမှူး (ဗမာပြည်ကွန်မြူနစ်ပါတီ)။ ၂၀၀၅။ "အထွေထွေအတွင်းရေးမှူး ရဲ့ အမှာ။" **၂၁– စာစဉ်** မှတ် ၆ (ဖေ)၊ ၂။

၂၁– စာစဉ် စာတည်းအဖွဲ့။ ၁၉၉၉။ "၂၁– စာစဉ်ထုတ်ဝေခြင်းနှင့် ပတ်သက်သည့် အမှာ။" **၂၁– စာစဉ်** မှတ် ၁ (မေ)၊ စာမျက်နှာနံပါတ် မပါ။

## အပိုင်း (၂)

### ၂။ အညွှန်း

ဒီအပိုင်းမှာ ကဏ္ဍ နှစ်ခု ပါဝင်ပါတယ်။ **စာရေးသူအမည်ကဏ္ဍ**နဲ့ **ပညာရပ်ကဏ္ဍ** ၂ ပိုင်းခွဲခြားပြီး ပြညွှန်းသွားပါမယ်။ စီစဉ်ထားရှိပုံနဲ့ အသုံးပြုပုံတို့ကို နိဒါန်းမှာ ရေးသားထားပြီးဖြစ်လို့ အထူးမဆိုတော့ပါ။

### ၂၊ ၁။ စာရေးသူအမည်ကဏ္ဍ

ဒီကဏ္ဍမှာ အသုံးပြုထားတဲ့ စာရေးသူအမည်ပေါင်း (၁၁၃)၊ အသုံးမပြုတဲ့ စာရေးသူအမည် အညွှန်းပေါင်း (၅၆)၊ ဆောင်းပါး (၂၂၅) တို့ကို စာရင်းသွင်းဖော်ပြထားပါတယ်။

## က

**ကာလမ်၊ အေပီဂျေ**

လူတဦးနှင့် သူ၏ရည်မှန်းချက်။ **၂၁– စာစဉ်** မှတ် ၂ (အောက် ၁၉၉၉)၊ ၁၀–
၁၄။ [ဆပြန်/စစ်]

*Frontline* စာစောင် (၂၅ စက်တင်ဘာ ၁၉၉၈) တွင် ဖော်ပြပါရှိသော အိန္ဒိယကာကွယ်ရေးဝန်ကြီး၏ သိပ္ပံအကြံပေးဖြစ်သူ ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးဌာန၏ ဦးဆောင်ညွှန်ကြားရေးမှူး အေပီဂျေကာလမ်နှင့် တွေ့ဆုံမေးမြန်းခြင်းကို ကောက်နုတ်ဘာသာပြန်ပါသည်။

ကိုထွေး

**ထွေး၊ ကို** ကြည့်

**ကက်စထရို၊ ဖီဒယ်လ်**

တောင်ပိုင်းနိုင်ငံများ၏ ထိပ်သီးဆွေးနွေးပွဲ၌ ပြောကြားသော မိန့်ခွန်း။ **၂၁– စာစဉ်** မှတ် ၅ (ဇွန် ၂၀၀၁)၊ ၃၄–၄၂။ [ဆပြန်/စီး]

*Monthly Review* စာစောင် (ဇူလိုင်၊ ဩဂုတ် ၂၀၀၀) တွင် ဖော်ပြထားသော ကျူးဘား ဟာဗာနာတွင် ၁၂ ဧပြီ ၂၀၀၀ ရက်နေ့က ကျင်းပသည့် ဂျီ ၇၇ တောင်ပိုင်းနိုင်ငံများ ထိပ်သီးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား၌ ဖီဒယ်လ်ကက်စထရို ပြောကြားသော မိန့်ခွန်းအပြည့်အစုံကို ဘာသာပြန်ဆိုထားပါသည်။

**ကောင်းဇံ**

ကုလသမဂ္ဂရဲ့ ရှေ့အလားအလာနဲ့ ဗမာပြည်အရေး။ **၂၁– စာစဉ်** မှတ် ၇ (ဇူ၂၀၀၅)၊ ၃– ၅။ [ဆ/ကလ]

ဗင်နီဇွဲလားက ဟူဂိုချာဗက်စ်အကြောင်း မိတ်ဆက်။ **၂၁– စာစဉ်** မှတ် ၆ (ဖေ ၂၀၀၅)၊ ၃။ [ဆ/ထုပ်]

သမိုင်းက ခြွင်းချန်ထားခဲ့တာတွေကို ရှင်းဖို့။ **၂၁– စာစဉ်** မှတ် ၉ (ဧ ၂၀၀၆)၊ ၁၀– ၁၂။ [ဆ/နိုင်ကာ]

**ကောင်းဇံ၊ ရဲဘော်**

ကမ္ဘာစစ်–ဒေသန္တရစစ် ဖြစ်ဦးမည်လော။ **၂၁– စာစဉ်** မှတ် ၁၁ (ဩ ၂၀၀၇)၊ ၉–၁၀။ [ဆ/စစ်]

**ကစ်ဆင်းဂျား၊ ဟင်နရီ**

ကမ္ဘာ့ ဝရုန်းသုန်းကားသစ်။ **၂၁– စာစဉ်** မှတ် ၂ (အောက် ၁၉၉၉)၊ ၂၁–
၂၄။ [ဆပြန်/နိုင်ကာ]
*Newsweek International* ဂျာနယ် (၃၁ မေ ၁၉၉၉) မှ “New World Disorder” ဆောင်းပါးကို ဘာသာပြန်ဆိုသည်။

ကမ္ဘာ့အခင်းအကျင်းသစ်။ **၂၁– စာစဉ်** မှတ် ၂ (အောက် ၁၉၉၉)၊ ၂၈–၃၇။ [ဆပြန်/နိုင်ကာ]
ဟင်နရီကစ်ဆင်းဂျား၏ သံခင်းတမန်ခင်း (*Diplomacy*) စာအုပ်ထဲမှ "ကမ္ဘာ့အခင်းအကျင်းသစ်" အခန်းကို ကောက်နုတ်၍ ဆီလျော်အောင် ဘာသာပြန်ထားသည်။

**ကယ်လ်လီယို၊ ဒေးဗစ်ပီ**

အမေရိကန်ပြည်ထောင်စုနှင့် အင်အားကြီးများ။ **၂၁– စာစဉ်** မှတ် ၅ (ဇွန် ၂၀၀၁)၊ ၁၀–
၂၀။ [ဆပြန်/နိုင်ကာ]
*World Policy Journal* အတွဲ ၁၆၊ အမှတ် ၃ (ဆောင်းဦး ၁၉၉၉) မှ John Hopkins တက္ကသိုလ် အဆင့်မြင့်နိုင်ငံတကာလေ့လာရေး ဉ္စန်ကြားရေးမှူး ပါမောက္ခ ဒေးဗစ်ပီ၊ ကယ်လ်လီယို (David P. Calleo) ၏ “The United States and the Great Powers” ဆောင်းပါးကို ဘာသာပြန်ဆိုထားသည်။

**ကျော်မြိုင်**

နအဖရဲ့အနုမြူအိပ်မက်။ **၂၁– စာစဉ်** မှတ် ၁၁ (ဩ ၂၀၀၇)၊ ၃၇–၄၁။ [ဆ/သ]

မြောက်ကိုရီးယားရဲ့ နျူကလီးယားအရေး။ **၂၁– စာစဉ်** မှတ် ၁၀ (နို၂၀၀၆)၊ ၅၂–
၅၆။ [ဆ/စစ်]

**ကျော်လတ်**

ကြက်ပြေးကို ပြေးရုံနဲ့။ **၂၁– စာစဉ်** မှတ် ၉ (ဇ ၂၀၀၆)၊ ၁၆–၂၁။ [ဆ/စစ်]

ဂျပန်မှာ အမေရိကန် နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘော ထားရှိမယ်။ **၂၁– စာစဉ်** မှတ် ၈ (ဒီ ၂၀၀၅)၊ ၃၅–၃၆။ [ဆ/စစ်]

**ကျောက်ကျုံး၊ ကျန်း**

၂၁ ရာစုအတွင်း တရုတ် အမေရိကန် ဆက်ဆံရေး အလားအလာများ။ **၂၁– စာစဉ်** မှတ် ၅ (ဇွန် ၂၀၀၁)၊ ၂၉–၃၃။ [ဆပြန်/နိုင်ကာ]
*Beijing Review* (4 January 2001) တွင်ပါဝင်သော တရုတ်ပြည် ကာကွယ်ရေးတက္ကသိုလ်မှ စစ်ရေးသိပ္ပံ၊ နည်းပညာ၊ လက်နက်ကိရိယာ သုတေသနဌာန ဌာနမှူး ပါမောက္ခ ကျန်းကျောက်ကျုံး (Zhang Zhaozhong) ၏ “Prospects for Sino – U.S Relations in the 21st Century” ကို ဘာသာပြန်ဆိုသည်။

ကျန်းကျောက်ကျုံး
**ကျောက်ကျုံး၊ ကျန်း** ကြည့်

**ကြည်စင်လှိုင်**

ဆီးတိုး (SEATO) နဲ့ အာဆီယံ (ASEAN)။ **၂၁– စာစဉ်** မှတ် ၇ (ဇူ၂၀၀၅)၊ ၁၈–၁၉။ [ဆ/နိုင်]

**ကြည်လင်၊ ရဲဘော်**

အဆင်းရဲဆုံးနိုင်ငံ LDC ဖြစ်တာ စိုင်ရှင် (ပိတ်ဆို့ဒဏ်ခတ်) မရှိစဉ်ကပါ။ **၂၁– စာစဉ်** မှတ် ၁၁ (ဩ ၂၀၀၇)၊ ၁၁–၁၂။ [ဆ/စီး]

**ကြည်ဝေ၊ ဦး (ရဲဘော်-)**

အမေရိကန်ရဲ့ စစ်ဗျူဟာရွှေ့ပြောင်းမှု။ **၂၁– စာစဉ်** မှတ် ၆ (ဖေ ၂၀၀၅)၊ ၁၀–၁၁။ [ဆ/စစ်]

**ကြည်ဝင်း**

ကုလသမဂ္ဂနဲ့ ဟိုင်ပါပါဝါ အမေရိကန်။ **၂၁– စာစဉ်** မှတ် ၇ (ဇူ၂၀၀၅)၊ ၄၆–၅၁။ [ဆ/ကလ]

ကိုဆိုဗိုပြဿနာ သို့မဟုတ် နိုင်ငံကြီးတွေရဲ့ အားပြိုင်ပွဲကွင်းတကွင်း။ **၂၁– စာစဉ်** မှတ် ၁၁ (ဩ ၂၀၀၇)၊ ၄၆–၄၉။ [ဆ/စစ်]

စီးပွားရေးအခက် စစ်ရေးအချက်။ **၂၁– စာစဉ်** မှတ် ၁၄ (နို ၂၀၀၉)၊ ၂၉–၃၁။ [ဆ/စီး]

ပထမဘရက်တန်ဝုနိဂုံးနဲ့ ဒုတိယဘရက်တန်ဝုနိဒါန်း။ **၂၁– စာစဉ်** မှတ် ၁၃ (မေ ၂၀၀၉)၊ ၁၆–၃၀။ [ဆ/စီး]

အမေရိကန်ရဲ့ စစ်ရေးဗျူဟာ ခြေလှမ်းသစ်များ။ **၂၁– စာစဉ်** မှတ် ၁၀ (နို၂၀၀၆)၊ ၇၄–၇၆။ [ဆ/စစ်]

အမေရိကန်၊ အိန္ဒိယ နျူကလီးယားသဘောတူညီချက်။ **၂၁– စာစဉ်** မှတ် ၉ (ဧ ၂၀၀၆)၊ ၅၇–၆၀။ [ဆ/စစ်]

အစ္စရေးရဲ့ ဂါဇာစစ်ပွဲ။ **၂၁– စာစဉ်** မှတ် ၁၂ (ဇန် ၂၀၀၉)၊ ၄၈–၅၁။ [ဆ/စစ်]

အိန္ဒိယ–အမေရိကန် ဆက်ဆံရေး လတ်တလောအခြေအနေ။ **၂၁– စာစဉ်** မှတ် ၈ (ဒီ ၂၀၀၅)၊ ၂၃–၂၇။ [ဆ/နိုင်ကာ]

**ချန်ကျိုး၊ လီ**

လမ်းဆုံလမ်းခွရောက်နေတဲ့ ကမ္ဘာ့စီးပွားရေး။ **၂၁– စာစဉ်** မှတ် ၁ (မေ ၁၉၉၉)၊ ၁၇–၂၂။ [ဆပြန်/စီး]

**ပီကင်းရီဗျူး** (၄ ဇန်နဝါရီ ၁၉၉၉) တွင် ပါဝင်သော ရှင်းဟွာနိုင်ငံတကာရေးရာ လေ့လာရေးဌာန ဒုဥက္ကဋ္ဌ လီချန်ကျိုး၏ ဆောင်းပါးကို ပြန်ဆိုထားသည်။

ချိန်ရင်ချင်
**ရင်ချင်၊ ချိန်** ကြည့်

ဂ

ဂျိုတီဘာစူး
**ဘာစူး၊ ဂျိုတီ** ကြည့်

ဂျော့စောရိုး
**စောရိုး၊ ဂျော့** ကြည့်

ဂွန်ဖီလ်ဂျာ
**ဖီလ်ဂျာ၊ ဂွန်** ကြည့်

ဂွန်၊ ဘဲလ်မီ၊ ဖော့စတာ
**ဖော့စတာ၊ ဂွန်၊ ဘဲလ်မီ** ကြည့်

င

**ငြိမ်းချမ်းသူ**

SHAYKH YASSIN သို့မဟုတ် လက်တွန်းလှည်းပေါ်က မီးတောင်။ **၂၁– စာစဉ်** မှတ် ၁၂ (ဇန် ၂၀၀၉)၊ ၇၈–၈၂။ [ဆ/ထုပ်]

**စ**

**စောရိုး၊ ဂျော့**

ကမ္ဘာလုံးဆိုင်ရာ အရင်းရှင်စနစ်ရဲ့ အကျပ်အတည်း။ **၂၁– စာစဉ်** မှတ် ၁ (မေ ၁၉၉၉)၊ ၂၃–၃၂။ [ဆပြန်/စီး]
**တိုင်းမဂ္ဂဇင်း**တွင်ဖော်ပြထားသော ဂျော့စောရိုး၏ ကမ္ဘာလုံးဆိုင်ရာ အရင်းရှင်စနစ်ရဲ့ အကျပ်အတည်း စာအုပ်ထဲမှ ကောက်နုတ်ချက်အား **ပီကင်းရီဗျူး** (၁–၇ ဖေဖော်ဝါရီ ၁၉၉၉) မှ ထပ်ဆင့်ဖော်ပြချက်ကို ဘာသာပြန်ဆိုသည်။

**စောသက်နောင်**

နိုင်ငံရေးအာဏာနဲ့ ဒီမိုကရေစီ။ **၂၁– စာစဉ်** မှတ် ၁၂ (ဇန် ၂၀၀၉)၊ ၂၆–၃၁။ [ဆ/နိုင်]

**စိုးကျော်**

တရုတ်ပြည်နဲ့ အိန္ဒိယပြည်ဟာ မဟာဗျူဟာ အပေါင်းအဖော်တွေ ဖြစ်နိုင်သလား။ **၂၁– စာစဉ်** မှတ် ၇ (ဇူ၂၀၀၅)၊ ၃၈–၄၃။ [ဆ/နိုင်ကာ]

အနောက်ကိုလျှောက်ပါလို့ အရှေ့ကိုတဲ့ မျှော်လိုက်ရင်။ **၂၁– စာစဉ်** မှတ် ၆ (ဖေ ၂၀၀၅)၊ ၁၂–၁၆။ [ဆ/သမိုင်း]

**စိုးထိုက်**

ပညာရှင်များ ငြင်းခုံပွဲ။ **၂၁– စာစဉ်** မှတ် ၇ (ဇူ၂၀၀၅)၊ ၁၁–၁၂။ [ဆ/နိုင်ကာ]

အမေရိကားမှာ လော်ဘီ၊ ဗမာပြည်မှာ ပွဲစား။ **၂၁– စာစဉ်** မှတ် ၉ (ဇ ၂၀၀၆)၊ ၁၃–၁၄။ [ဆ/နိုင်]

**စိုးလှဘော်**

တရုတ်–ဂျပန် အင်အားပြိုင်ပွဲ။ **၂၁– စာစဉ်** မှတ် ၈ (ဒီ ၂၀၀၅)၊ ၉–၁၁။ [ဆ/နိုင်ကာ]

အီရန်ရယ်၊ ရေနံရယ်၊ ချူကလီးယားရယ်။ **၂၁– စာစဉ်** မှတ် ၉ (ဇ ၂၀၀၆)၊ ၁၀၇–၁၁၀။ [ဆ/နိုင်ကာ]

**စိန်ချင်းကြည်**

ကတိတွေအတွက် ပေးတဲ့နိုဘယ်ဆု (ဟောဝပ်ဇင် Howard Zinn)။ **၂၁– စာစဉ်** မှတ် ၁၄ (နို ၂၀၀၉)၊ ၁၉–၂၀။ [ဆ/နိုင်ကာ]

ကျဆုံးတော့မယ့် နီယိုလစ်ဘရယ်ဝါဒ။ **၂၁– စာစဉ်** မှတ် ၁၃ (မေ ၂၀၀၉)၊ ၃၁–၃၅။ [ဆ/စီး]

ဗမာပြည်သားတွေ ပြောနေကြတဲ့ တရုတ်ပြည်ပြဿနာ။ **၂၁– စာစဉ်** မှတ် ၈ (ဒီ ၂၀၀၅)၊ ၉၄–၉၇။ [ဆ/နိုင်]

ဖြဟ္မာ့ဦးခေါင်းနဲ့ ဇာတ်မျောကြီး။ **၂၁– စာစဉ်** မှတ် ၉ (ဇ ၂၀၀၆)၊ ၂၄–၂၅။ [ဆ/နိုင်]

ယယ်လ်ဆင် သေပြီ။ **၂၁– စာစဉ်** မှတ် ၁၁ (ဩ ၂၀၀၇)၊ ၃၂–၃၆။ [ဆ/ထုပ်]

၂၀၀၈ ခုနှစ်ရဲ့ ပြိုကွဲမှုကြီး။ **၂၁– စာစဉ်** မှတ် ၁၂ (ဇန် ၂၀၀၉)၊ ၁၇–၂၅။ [ဆ/မ]

**စိန်ထွန်း၊ ရဲဘော်**

စစ်ရေးစက်မှုလုပ်ငန်း အကျိုးစီးပွားအုပ်စုက အမေရိကန် နိုင်ငံခြားရေးပေါ်လစီအပေါ် ဩဇာသြောင်းမှု။ **၂၁– စာစဉ်** မှတ် ၁၀ (နို၂၀၀၆)၊ ၈၈–၉၃။ [ဆ/စစ်]

ထိုင်ဝမ်နဲ့ပတ်သက်တဲ့ ပေါ်လစီကို တရုတ်ပြည်မကြီးက အဆင့်ဆင့်ဘယ်လိုထိန်းညှိခဲ့ရပါသလဲ။ **၂၁– စာစဉ်** မှတ် ၈ (ဒီ ၂၀၀၅)၊ ၈၅–၈၉။ [ဆ/နိုင်ကာ]

ဘုရှ်ဝါဒကို လေ့လာကြပါစို့။ **၂၁– စာစဉ်** မှတ် ၉ (ဧ ၂၀၀၆)၊ ၉၃–၁၀၁။ [ဆ/နိုင်ကာ]

မျက်မှောက်ခေတ် အရင်းရှင်စနစ် အပြောင်းအလဲသစ်များနဲ့ မာ့က်စ်ရဲ့ မုချတရား နှစ်ပါး။ **၂၁– စာစဉ်** မှတ် ၁၁ (ဩ ၂၀၀၇)၊ ၇၀–၇၈။ [ဆ/မ]

လက်နက်ကိုင်တိုက်ပွဲအတွင်း တဟုန်တိုးကြီးထွားလာနေတဲ့ အိန္ဒိယပြည်ကွန်မြူနစ်ပါတီ (မော်စီတုန်းဝါဒ)။ **၂၁– စာစဉ်** မှတ် ၁၂ (ဇန် ၂၀၀၉)၊ ၁၀၅–၁၂။ [ဆ/နိုင်ကွန်]

အမေရိကန် ဘဏ္ဍာရေး အကျပ်အတည်းက နိုင်ငံတကာ နိုင်ငံရေး စီးပွားရေးစနစ်အပေါ် ရိုက်ခတ်မှု။ **၂၁– စာစဉ်** မှတ် ၁၃ (မေ ၂၀၀၉)၊ ၈–၁၅။ [ဆ/စီး]

**စိန်လှိုင်**

ဘုရှ် ပြန်သွား။ **၂၁– စာစဉ်** မှတ် ၉ (ဧ ၂၀၀၆)၊ ၆၁–၆၂။ [ဆ/နိုင်ကာ]

**စိန်သော်၊ ရဲဘော်**

ကမ္ဘာ့စီးပွားရေးကို ကိုင်လှုပ်နေတဲ့ ရေနံ။ **၂၁– စာစဉ်** မှတ် ၈ (ဒီ ၂၀၀၅)၊ ၇၂–၇၈။ [ဆ/စီး]

ကွန်မြူနစ်ဆန့်ကျင်ရေးအား ပိတ်ဆို့တားဆီးလိုက်ခြင်း။ **၂၁– စာစဉ်** မှတ် ၁၀ (နို၂၀၀၆)၊ ၉၄–၉၆။ [ဆ/နိုင်ကွန်]

နိုင်ငံတကာ ကွန်မြူနစ်ပါတီများ လှုပ်ရှားမှုသတင်း။ **၂၁– စာစဉ်** မှတ် ၁၁ (ဩ ၂၀၀၇)၊ ၇၉–၈၃။ [ဆ/နိုင်ကွန်]

နိုင်ငံတကာ့လူငယ်ပွဲတော်။ **၂၁– စာစဉ်** မှတ် ၉ (ဇ ၂၀၀၆)၊ ၈၆–၈၇။ [ဆ/နိုင်ကာ]

**ဇ**

**ဇေယျာတင့်**

အီရတ်မှာ ရေနံဥပဒေသစ်ပေါ်ပြီးမှ အမေရိကန် တပ်ရုပ်လိမ့်မယ်။ **၂၁– စာစဉ်** မှတ် ၁၁ (ဩ ၂၀၀၇)၊ ၁၆–၁၈။ [ဆ/နိုင်ကာ]

**ဇော်မင်း**

စစ်အေးတိုက်ပွဲအတွင်းက အားပြိုင်ပွဲတခု။ **၂၁– စာစဉ်** မှတ် ၈ (ဒီ ၂၀၀၅)၊ ၁၈–၂၂။ [ဆ/နိုင်ကာ]

**ဇုန်းယင်း၊ ဖန်**

တကမ္ဘာလုံးလက္ခဏာနှင့် အမျိုးသားလက္ခဏာ (ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးအပေါ် စိန်ခေါ်မှုများ)။ **၂၁– စာစဉ်** မှတ် ၃ (မတ် ၂၀၀၀)၊ ၅–၁၆။ [ဆပြန်/နိုင်ကာ]
တရုတ်ပြည်ထုတ် မျက်မှောက်ကမ္ဘာနှင့် ဆိုရှယ်လစ်ဝါဒဂျာနယ် (၁၉၉၉ – အမှတ် ၃) တွင်ပါဝင်သော ဖန်ဇုန်းယင်း (Pang Zhongying) ၏ ဆောင်းပါးကို တရုတ်ဘာသာမှ ပြန်ဆိုထားသည်။

**ဉ**

**ဉာဏ်လှိုင်**

ဆက်သားမထား ကြားပွဲစားနဲ့ကစားမယ့် အမေရိကန်။ **၂၁– စာစဉ်** မှတ် ၁၁ (ဩ ၂၀၀၇)၊ ၁၉–၂၁။ [ဆ/နိုင်]

Foreign Policy နိုင်ငံခြားရေးပေါ်လစီများ။ **၂၁– စာစဉ်** မှတ် ၉ (ဧ ၂၀၀၆)၊ ၆–
၇။ [ဆ/နိုင်ကာ]

# ည

**ညိုစိန်ဝင်း**

စီးပွားရေးကပ်က သူ့သရုပ်မှန်ကို ဖွင့်ပြပေးခြင်းခံလိုက်ရတဲ့ ကမ္ဘာ့လက်ခွဏာဆောင် စီးပွားရေး။ **၂၁– စာစဉ်** မှတ် ၁၂ (ဇန် ၂၀၀၉)၊ ၃၂–၄၁။ [ဆ/စီး]

စစ်အရိပ်မဲထဲက အကျည်းတန်အမေရိကား။ **၂၁– စာစဉ်** မှတ် ၁၀ (နို၂၀၀၆)၊ ၈၅–
၈၇။ [ဆ/စစ်]

တိုက်ပွဲမှသည် တွေ့ဆုံဆွေးနွေးရေး စားပွဲဝိုင်းဆီသို့။ **၂၁– စာစဉ်** မှတ် ၁၃ (မေ ၂၀၀၉)၊ ၈၇–
၉၇။ [ဆ/စစ်]

ပိုက်လိုင်းနိုင်ငံရေးဆိုတာ။ **၂၁– စာစဉ်** မှတ် ၁၁ (ဩ ၂၀၀၇)၊ ၉၅–၉၉။ [ဆ/နိုင်]

မိစ္ဆာတို့၏ ဇာတိချက်ကြွေ မွေးရပ်မြေ။ **၂၁– စာစဉ်** မှတ် ၈ (ဒီ ၂၀၀၅)၊ ၇၉–၈၄။ [ဆ/နိုင်]

ရုရှားဝက်ဝံကြီး ပြန်လည်လှုပ်ရှားလာပြီလော။ **၂၁– စာစဉ်** မှတ် ၉ (ဧ ၂၀၀၆)၊ ၇၆–
၈၀။ [ဆ/နိုင်ကာ]

သေစာရင်းပြ နိုင်ငံရေး Body Count Politics ။ **၂၁– စာစဉ်** မှတ် ၇ (ဇူ၂၀၀၅)၊ ၆၀–
၆၂။ [ဆ/နိုင်]

အာရှအင်အားအပြောင်းအလဲနဲ့ အန္တရာယ်အလားအလာများ။ **၂၁– စာစဉ်** မှတ် ၆ (ဖေ ၂၀၀၅)၊
၄၉–၅၅။ [ဆ/နိုင်ကာ]

**ညိုမင်း၊ ရဲဘော်**

"ခဲ့သော်" စဉ်းစားနည်းပြောပြီး ဝေ့လည်လည် မလုပ်ပါနဲ့။ **၂၁– စာစဉ်** မှတ် ၁၄ (နို ၂၀၀၉)၊ ၄–
၈။ [ဆ/စာ]

တော်လှန်ရေးတဖန် ရှင်သန်ထမြောက်စေဖို့။ **၂၁– စာစဉ်** မှတ် ၇ (ဇူ၂၀၀၅)၊ ၁–၂။ [ဆ/တန]

ပြောရင်လွယ်ပေမယ့် လက်တွေ့လုပ်ဖို့ခက်တဲ့ အမျိုးသားညီညွတ်ရေး။ **၂၁– စာစဉ်** မှတ် ၁၀
(နို၂၀၀၆)၊ ၃–၆။ [ဆ/နိုင်]

လက်တွေ့ကျကျ စဉ်းစားတင်ပြတဲ့ ကိစ္စ (၂) ခု။ **၂၁– စာစဉ်** မှတ် ၁၁ (ဩ ၂၀၀၇)၊ ၅–
၈။ [ဆ/နိုင်]

အနေတတ်မှ ကြားညပ်ခံရတဲ့ဘေးက လွတ်မည်။ **၂၁– စာစဉ်** မှတ် ၆ (ဖေ ၂၀၀၅)၊ ၄–
၅။ [ဆ/နိုင်]

အိုက်စလန် ဒေဝါလီခံရတော့မည်လော။ **၂၁– စာစဉ်** မှတ် ၁၂ (ဇန် ၂၀၀၉)၊ ၄–
၆။ [ဆ/နိုင်ကာ]

## ညိုမောင်၊ ရဲဘော်

ဗမာပြည်ရဲ့ ကံကြမ္မာ DESTINY ။ **၂၁– စာစဉ်** မှတ် ၉ (ဇေ ၂၀၀၆)၊ ၃–၅။ [ဆ/နိုင်]

## တ

## တင်ဦး၊ ရဲဘော်

ကျောက်ဇီယန်၊ ထိုင်ဝမ်၊ ဂျပန်။ **၂၁– စာစဉ်** မှတ် ၇ (ဇူ၂၀၀၅)၊ ၂၅။ [ဆ/နိုင်ကာ]

ဘိုလီးဗီးယားက အီဗိုမိုရေးအကြောင်း မိတ်ဆက်။ **၂၁– စာစဉ်** မှတ် ၉ (ဇေ ၂၀၀၆)၊ ၂၆–
၂၇။ [ဆ/ထုပ်]

မျက်စိလည်နေအောင်။ **၂၁– စာစဥ်** မှတ် ၁၁ (ဩ ၂၀၀၇)၊ ၂–၄။ [ဆ/နိုင်]

**တယ်စန်း၊ လင်**

အင်္ဂလန်လေဘာပါတီသစ်ရဲ့ "တတိယလမ်းကြောင်း" အတွေးအခေါ် ထူးခြားချက်များအား ခွဲခြမ်းစိတ်ဖြာခြင်း။ **၂၁– စာစဥ်** မှတ် ၃ (မတ် ၂၀၀၀)၊ ၃၀–၄၂။ [ဆပြန်/နိုင်ကာ]
တရုတ်ပြည်ထုတ် မျက်မှောက်ကမ္ဘာနှင့် ဆိုရှယ်လစ်ဝါဒဂျာနယ် (၁၉၉၉၊ အမှတ် ၂) မှ လင်တယ်စန်း (Lin Deshan) ၏ ဆောင်းပါးကို တရုတ်ဘာသာမှ ပြန်ဆိုထားသည်။

**ထ**

**ထွေး၊ ကို**

ကမ္ဘာတလွှားက အမေရိကန် စစ်စခန်းများ၏ အန္တရာယ်။ **၂၁– စာစဥ်** မှတ် ၉ (ဧ ၂၀၀၆)၊ ၃၀–၃၄။ [ဆ/စစ်]

တရုတ်–ရုရှား ပူးတွဲစစ်လေ့ကျင့်ရေးက ရိုက်ခတ်လိုက်တဲ့ ဂယက်များ။ **၂၁– စာစဥ်** မှတ် ၈ (ဒီ ၂၀၀၅)၊ ၃၀–၃၄။ [ဆ/စစ်]

မြောက်ကိုရီးယားရဲ့ ဂြိုဟ်တုနဲ့ ဂယက်ရိုက်ခတ်မှုများ။ **၂၁– စာစဥ်** မှတ် ၁၃ (မေ ၂၀၀၉)၊ ၅၈–၆၂။ [ဆ/စစ်]

ရုရှားနိုင်ငံခြားရေးဝန်ကြီးရဲ့အာဘော်။ **၂၁– စာစဥ်** မှတ် ၁၁ (ဩ ၂၀၀၇)၊ ၅၂–၅၅။ [ဆ/နိုင်ကာ]

ရှန်ဂရီလာဆွေးနွေးပွဲ။ **၂၁– စာစဥ်** မှတ် ၁၀ (နို၂၀၀၆)၊ ၄၇–၅၁။ [ဆ/နိုင်ကာ]

အမေရိကန်သမ္မတသစ်နဲ့ ဗမာပြည်ရဲ့ ဒီမိုကရေစီရေးလှုပ်ရှားမှု။ **၂၁– စာစဥ်** မှတ် ၁၂ (ဇန် ၂၀၀၉)၊ ၄၂–၄၄။ [ဆ/နိုင်]

**ထွန်းနေအောင်**

ယယ်လ်ဆင်ရဲ့ တသက်တာ အရေးကြီးဆုံးနေ့ ၃ နေ့။ **၂၁– စာစဉ်** မှတ် ၁၁ (ဩ ၂၀၀၇)၊ ၂၈– ၃၁။ [ဆ/ထုပ်]

**ထွန်းမြတ်၊ ရဲဘော်**

တရုတ်ပြည်က ဘာ့ကြောင့် ယုံကြည်ချက် ရှိနေသလဲ။ **၂၁– စာစဉ်** မှတ် ၁၃ (မေ ၂၀၀၉)၊ ၅၃– ၅၇။ [ဆ/စီး]

အစဉ်အလာမရှိသော ခြိမ်းခြောက်မှုများ။ **၂၁– စာစဉ်** မှတ် ၈ (ဒီ ၂၀၀၅)၊ ၉၀– ၉၃။ [ဆ/နိုင်ကာ]

အတွေးအခေါ်ကို သတ်လို့မရပါ။ **၂၁– စာစဉ်** မှတ် ၁၁ (ဩ ၂၀၀၇)၊ ၅၆–၅၇။ [ဆ/နိုင်]

အဖျားရှူးသွားတဲ့ လိမ္မော်ရောင်တော်လှန်ရေး။ **၂၁– စာစဉ်** မှတ် ၁၀ (နို၂၀၀၆)၊ ၇၇– ၈၀။ [ဆ/နိုင်ကာ]

အမေရိကန် – လက်တင်အမေရိကနိုင်ငံများ ဆက်ဆံရေး။ **၂၁– စာစဉ်** မှတ် ၁၄ (နို ၂၀၀၉)၊ ၅၄– ၅၈။ [ဆ/နိုင်ကာ]

အိုဘားမား ဘယ်လဲ။ **၂၁– စာစဉ်** မှတ် ၁၂ (ဇန် ၂၀၀၉)၊ ၄၅–၄၇။ [ဆ/နိုင်ကာ]

**ထွန်းဝင်းမောင်**

တောင်အမေရိကတိုက်က နိုင်ငံရေးရာသီဥတု။ **၂၁– စာစဉ်** မှတ် ၉ (ဇ ၂၀၀၆)၊ ၁၁၁–၁၅။ [ဆ/နိုင်ကာ]

အမေရိကန်နိုင်ငံ ဆင်းရဲမွဲတေမှု ပြဿနာ။ **၂၁– စာစဉ်** မှတ် ၈ (ဒီ ၂၀၀၅)၊ ၁၆–၁၇။ [ဆ/စီး]

**ထွန်းသော်**

ကမ္ဘာ့စနစ် (World Order) များက ဗမာပြည်အပေါ်သက်ရောက်မှုများ။ **၂၁– စာစဉ်** မှတ် ၆ (ဖေ ၂၀၀၅)၊ ၆–၉။ [ဆ/သမိုင်း]

ကွန်ဒိုလီဇာရိုက်စ်ရဲ့ အာရှခရီး ရည်ရွယ်ချက် ဘာလဲ။ **၂၁– စာစဉ်** မှတ် ၇ (ဇူ၂၀၀၅)၊ ၆–၇။ [ဆ/နိုင်ကာ]

အတွေးအခေါ် Ideology – ဆိုတာ ဘယ်တော့မှ ခေတ်မကုန်။ **၂၁– စာစဉ်** မှတ် ၉ (ဇ ၂၀၀၆)၊ ၈–၉။ [ဆ/နိုင်ကာ]

## ဒ

**ဒါတိုဇော့စ်၊ မိုက်ကယ် အယ်လ်**

ကွန်ပြူတာတွက်ချက်မှုစနစ်ရဲ့ အနာဂတ်။ **၂၁– စာစဉ်** မှတ် ၄ (ဩ ၂၀၀၀)၊ ၂၈–၃၄။ [ဆပြန်/နိုင်ကာ]
*Scientific American* ဂျာနယ် (ဩဂုတ် ၁၉၉၇) မှ MIT တက္ကသိုလ် ကွန်ပျူတာသိပ္ပံစမ်းသပ်ဌာန ညွှန်ကြားရေးမှူး မိုက်ကယ် အယ်လ် – ဒါတိုဇော့စ် (Michael L. Dertouzos) ၏ “The Future of Computing” ဆောင်းပါးကို ပြန်ဆိုထားသည်။

**ဒီမိုကရေစီကပ်ဆိုက်နေတဲ့ လက်တင်အမေရိကတိုက်**

ဒီမိုကရေစီကပ်ဆိုက်နေတဲ့ လက်တင်အမေရိကတိုက်။ **၂၁– စာစဉ်** မှတ် ၅ (ဇွန် ၂၀၀၁)၊

၄၅-၄၇။ [ဆပြန်/နိုင်ကာ]
**အာဂျင်တိုင် ကြွေးကြော်သံ** သတင်းစာ (၁၀ ဒီဇင်ဘာ ၂၀၀၀) မှ ဆောင်းပါးကို ဘာသာပြန်ဆိုထားသည်။ မူရင်းစာရေးသူအမည်နှင့် ဘာသာပြန်သူအမည် မပါရှိသဖြင့် ဆောင်းပါးခေါင်းစီးအမည်ဖြင့်သာ စီစဉ်ထားပါသည်။

ဒေးဗစ်ပီ၊ ကယ်လ်လီယို
**ကယ်လ်လီယို၊ ဒေးဗစ်ပီ** ကြည့်

## န

### နေထွန်းအောင်

နိုင်ငံတကာ့ ခြိမ်းခြောက်ရေးဝါဒ ချုပ်ငြိမ်းစေဖို့ဆိုရင်။ **၂၁- စာစဉ်** မှတ် ၁၀ (နို၂၀၀၆)၊ ၃၈-၄၆။ [ဆ/နိုင်ကာ]

ဘာကြောင့်များ လက်ဖက်ရည်လေးတောင်မတည်၊ စာနာမှုတောင်မပြ ဖြစ်နေရတာလဲ။ **၂၁- စာစဉ်** မှတ် ၈ (ဒီ ၂၀၀၅)၊ ၆-၈။ [ဆ/စစ်]

ဘာ့ကြောင့် အဆင်ပြေတဲ့ လူ့အဖွဲ့အစည်း တည်ဆောက်ရမှာလဲ။ **၂၁- စာစဉ်** မှတ် ၇ (ဇူ၂၀၀၅)၊ ၁၃-၁၄။ [ဆ/နိုင်ကာ]

### နေသူရိန်

ကျွန်တော်တို့ ဘယ်သူတွေလဲ။ **၂၁- စာစဉ်** မှတ် ၇ (ဇူ၂၀၀၅)၊ ၉-၁၀။ [ဆ/စာ]

### နိုင်ကြည်သိန်း

တရုတ် မြန်မာ ကုန်သွယ်ရေးအခက်အခဲတွေ။ **၂၁– စာစဉ်** မှတ် ၁၀ (နို၂၀၀၆)၊ ၃၅။ [ဆ/စီး]

## ပ

ပရာဘတ် ပတ္တနိုက်
**ပတ္တနိုက်၊ ပရာဘတ်** ကြည့်

### ပတ္တနိုက်၊ ပရာဘတ်

တရုတ် အိန္ဒိယ အခြေအနေ ကွဲလွဲချက်။ **၂၁– စာစဉ်** မှတ် ၄ (ဩ ၂၀၀၀)၊ ၂၀–၂၇။ [ဆပြန်/သမိုင်း]
အိန္ဒိယပြည်ကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ) ၏ သဘောတရားရေးစာစောင် *The Marxist* (အောက်တိုဘာ/ဒီဇင်ဘာ ၁၉၉၉) မှ “The Difference Between The Chinese and Indian Situations” ကို ဘာသာပြန်ဆိုသည်။

### ပြုံးချို၊ ရဲဘော်

စီးပွားရေးမျိုးချစ်စိတ်ဓာတ် သို့မဟုတ် ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒ ပြန်လည်ထွက်ပေါ်လာခြင်း။ **၂၁– စာစဉ်** မှတ် ၁၃ (မေ ၂၀၀၉)၊ ၈၁–၈၆။ [ဆ/စီး]

မျက်မှောက်စီးပွားရေးအကျပ်အတည်းရဲ့ အကြောင်းရင်းဇစ်မြစ်နဲ့ ဒီအကျပ်အတည်းကို ဘယ်လိုရင်ဆိုင်မလဲ။ **၂၁– စာစဉ်** မှတ် ၁၄ (နို ၂၀၀၉)၊ ၆၃–၇၄။ [ဆ/စီး]

ပြည်တွင်းမှ ရဲဘော်တဦး
**ရဲဘော်တဦး (ပြည်တွင်းမှ–)** ကြည့်

# ဖ

ဖီဒယ်လ်ကက်စထရို

**ကက်စထရို၊ ဖီဒယ်လ်** ကြည့်

**ဖော့စတာ၊ ဂျွန်၊ ဘဲလ်မီ**

မာ့က်စ်နှင့် နိုင်ငံတကာ့ဝါဒ။ **၂၁– စာစဉ်** မှတ် ၅ (ဇွန် ၂၀၀၁)၊ ၁–၉။ [ဆပြန်/မ] *Monthly Review* စာစောင် အတွဲ ၅၂၊ အမှတ် ၃ (ဇူလိုင်၊ ဩဂုတ် ၂၀၀၀) မှ *Monthly Review* ၏ ယာယီအယ်ဒီတာ ဂျွန်၊ ဘဲလ်မီ၊ ဖော့စတာ ရေးသားသောဆောင်းပါးကို ဘာသာပြန်ဆိုသည်။

ဖန်ဇုန်းယင်း

**ဇုန်းယင်း၊ ဖန်** ကြည့်

**ဖုန်း၊ ရှောင်**

ဆိုရှယ်လစ်ဝါဒဆိုင်ရာ အမြင် (၁၀) ချက်။ **၂၁– စာစဉ်** မှတ် ၄ (ဩ ၂၀၀၀)၊ ၇–၁၂။ [ဆပြန်/မ]
**မျက်မှောက်ကမ္ဘာနှင့် ဆိုရှယ်လစ်ဝါဒဂျာနယ်** (၂၀၀၀ ခုနှစ် ပထမရာသီထုတ်) မှ တရုတ်ပြည်ကွန်မြူနစ်ပါတီ၊ ဗဟိုဆက်သွယ်ရေးဌာန သုတေသီ ရှောင်ဖုန်း၏ စာတမ်းကို ဘာသာပြန်ဆိုသည်။

**ဖီလ်ဂျာ၊ ဂျွန်**

ဘော်လ်ကန်မှာ အနောက်မီဒီယာတွေ ဘက်လိုက်ပြီး မမျှတကြပုံ။ **၂၁– စာစဉ်** မှတ် ၂ (အောက် ၁၉၉၉)၊ ၁၅–၁၆။ [ဆပြန်/နိုင်ကာ]
*China Daily* (၂၄ မေ ၁၉၉၉) တွင်ပါရှိသော စစ်သတင်းထောက်၊ စာရေးဆရာ၊ ရုပ်ရှင်ဖန်တီးသူ ဂျွန်ဖီလ်ဂျာ (John Pilger) ၏ အယ်ဒီတာထံပေးစာကို ပြန်ဆိုထားသည်။

ဩစတြေးလျရဲ့ အတွင်းသရုပ်။ **၂၁– စာစဉ်** မှတ် ၃ (မတ် ၂၀၀၀)၊ ၂၈–၂၉။ [ဆပြန်/နိုင်ကာ]
Guardian သတင်းစာ (၅ အောက်တိုဘာ ၁၉၉၉) တွင်ပါရှိသော စစ်သတင်းထောက်၊ စာရေးဆရာ၊ ရုပ်ရှင်ဖန်တီးသူ ဂျွန်ဖီလ်ဂျာ (John Pilger) ၏ Australia's under side ကို ပြန်ဆိုထားသည်။

## ဗ

### ဗဟိုသုတေသနဌာန

မြသန်းတင့် တောင်သမန်ရွှေအင်းက လေညှင်းဆော်တော့ (ဒုတိယအုပ်) အတွက် ဗဟိုသုတေသနဌာနရဲ့ မှတ်ချက်။ **၂၁– စာစဉ်** မှတ် ၉ (ဇ ၂၀၀၆)၊ ၁၅။ [ဆ/စာ]

ဗီဂျေးရဝတ်
**ရဝတ်၊ ဗီဂျေး** ကြည့်

### ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ

၂၀၂၀ ခုနှစ်နှင့် ၂၀၀၀ ခုနှစ် ကာလများအတွက် ရည်မှန်းချက်များ။ **၂၁– စာစဉ်** မှတ် ၂ (အောက် ၁၉၉၉)၊ ၄၆–၅၀။ [ဆပြန်/နိုင်ကာ]
ဗီယက်နမ်ကွန်မြူနစ်ပါတီ၏ အဋ္ဌမမြောက် နိုင်ငံလုံးဆိုင်ရာကွန်ဂရက်သို့ တင်သွင်းသော ဗဟိုကော်မတီ၏ နိုင်ငံရေးအစီရင်ခံစာမှ အပိုင်း ၂ ဖြစ်သည့် “Goals For The Periods To 2020 And 2000” ကို အင်္ဂလိပ်ဘာသာမှ ပြန်ဆိုထားသည်။

### ဖြိတိန်ကွန်မြူနစ်ပါတီ

နိုင်ငံတကာရေးရာ ဆုံးဖြတ်ချက်၊ နယ်ချဲ့စနစ်ကို ခုခံတွန်းလှန်ခြင်း။ **၂၁– စာစဉ်** မှတ် ၅ (ဇွန် ၂၀၀၁)၊ ၄၃–၄၄။ [ဆပြန်/နိုင်ကာ]
၂၀၀၀ ခုနှစ် ဧပြီလတွင် ကျင်းပခဲ့သော ဖြိတိန်ကွန်မြူနစ်ပါတီ၏ ၄၅ ကြိမ်မြောက် ကွန်ဂရက်မှ ချမှတ်ခဲ့သော "နိုင်ငံတကာရေးရာ ဆုံးဖြတ်ချက်" အား ကောက်နုတ်ဘာသာပြန်ပါသည်။

## ဘ

### ဘာစူး၊ ဂျိုတီ

အိန္ဒိယနိုင်ငံနှင့် ၂၁ ရာစုနှစ်၏ စိန်ခေါ်မှုများ။ **၂၁– စာစဉ်** မှတ် ၂ (အောက် ၁၉၉၉)၊ ၁–၉၊ ၃၇။ [ဆပြန်/နိုင်ကာ]
ဂျဝါဟာလာနေရူး အမှတ်တရ ရန်ပုံငွေအဖွဲ့က ကြီးမှူးကျင်းပသော အကြိမ်သုံးဆယ်မြောက် ဟောပြောပွဲကို နိုဝင်ဘာလ ၁၄ ရက်နေ့က Teen Murti Bharvan ၌ စုဝေးကျင်းပခဲ့ကြသည်။ ထိုဟောပြောပွဲတွင် အိန္ဒိယကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ) ၏ ဝါရင့်ခေါင်းဆောင်တဦးဖြစ်သူ ဂျိုတီဘာစူး (Jyoti Basu) ဟောပြောခဲ့သော ဟောပြောချက်အား ဘာသာပြန်ထားသည်။

### ဘာနက်၊ အာနာ

နယ်ချဲ့စနစ်၏ ဇာစ်မြစ်များ (ပထမပိုင်း)။ **၂၁– စာစဉ်** မှတ် ၃ (မတ် ၂၀၀၀)၊ ၁၇–၂၄။ [ဆပြန်/နိုင်ကာ]
ဩစတြေးလျကွန်မြူနစ်ပါတီ၏ **ဩစတြေးလျ မာ့က်စ်ဝါဒဂျာနယ်** (နိုဝင်ဘာ ၁၉၉၉) မှ အာနာဘာနက် (Erna Bennett) ၏ "Where Do We Go From Kosovo?" ဆောင်းပါးကို ကောက်နုတ်၍ ဆီလျော်အောင် ဘာသာပြန်ထားသည်။

နယ်ချဲ့စနစ်၏ ဇာစ်မြစ်များ (ဒုတိယပိုင်း)။ **၂၁– စာစဉ်** မှတ် ၄ (ဩ ၂၀၀၀)၊ ၁၃–၁၇။ [ဆပြန်/နိုင်ကာ]

ဩစတြေးလျကွန်မြူနစ်ပါတီ၏ **ဩစတြေးလျ မာ့က်စ်ဝါဒဂျာနယ်** (နိုဝင်ဘာ ၁၉၉၉) မှ အာနာဘာနက် (Erna Bennett) ၏ “Where Do We Go From Kosovo?” ဆောင်းပါးကို ကောက်နုတ်၍ ဆီလျော်အောင် ဘာသာပြန်ထားသည်။

## မ

မသန်းအေး

**သန်းအေး၊ မ** ကြည့်

### မေဝတ်ရည်

အမေရိကန်၊ ဂျပန်၊ အိန္ဒိယ သုံးနိုင်ငံ ပူးပေါင်းစစ်ရေးလေ့ကျင့်မှုအား ခွဲခြမ်းစိတ်ဖြာခြင်း။ **၂၁– စာစဉ်** မှတ် ၁၁ (ဩ ၂၀၀၇)၊ ၅၀–၅၁။ [ဆ/စစ်]

### မိုးအောင်

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်စ်ရဲ့ ခရီး။ **၂၁– စာစဉ်** မှတ် ၇ (ဇူ၂၀၀၅)၊ ၃၅–၃၆။ [ဆ/နိုင်ကာ]

### မိုးအောင်စည်

လူတန်းစား ဖျက်သိမ်းရေးတိုက်ပွဲရဲ့ နိဒါန်း။ **၂၁– စာစဉ်** မှတ် ၁၂ (ဇန် ၂၀၀၉)၊ ၉၅–၁၀၄။ [ဆ/မ]

မိုက်ကယ် အီဗန်စ်

**အီဗန်စ်၊ မိုက်ကယ်** ကြည့်

မိုက်ကယ် အယ်လ် – ဒါတိုဇော့စ်

**ဒါတိုဇော့စ်၊ မိုက်ကယ် အယ်လ်** ကြည့်

**မင်းထွန်း**

စစ်အေးခေတ်အပြီး ကမ္ဘာ့ငြိမ်းချမ်းရေးအခြေအနေ။ **၂၁– စာစဉ်** မှတ် ၁၁ (ဩ ၂၀၀၇)၊ ၆၁–၆၄။ [ဆ/နိုင်ကာ]

**မင်းထွန်း၊ ရဲဘော်**

၈ နှစ်ခရီး။ **၂၁– စာစဉ်** မှတ် ၁၂ (ဇန် ၂၀၀၈)၊ ၁၁–၁၆။ [ဆ/နိုင်ကာ]

**မင်းမြိုင်**

အီရတ်ကို စောင့်ကြည့်ရမည်။ **၂၁– စာစဉ်** မှတ် ၇ (ဇူ၂၀၀၅)၊ ၁၅–၁၇။ [ဆ/နိုင်ကာ]

မောင်ယမုန်

**ယမုန်၊ မောင်** ကြည့်

မောင်လှဝင်း (မြင်းခြံ)

**လှဝင်း၊ မောင် (မြင်းခြံ)** ကြည့်

မောင်သန်းမြရွှေ

**သန်းမြရွှေ၊ မောင်** ကြည့်

**မျိုးတင့်လွင်၊ ရဲဘော်**

အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးရဲ့ ဗမာပြည်ခရီး။ **၂၁– စာစဉ်** မှတ် ၇ (ဇူ၂၀၀၅)၊ ၃၇။ [ဆ/နိုင်ကာ]

**မှိုင်းရည်**

ဖူကူယားမား ဘာ့ကြောင့် နိုင်ငံခြားရေးဝန်ကြီးတို့၊ အမျိုးသားအကြံပေးတို့ မဖြစ်တာပါလိမ့်။ **၂၁– စာစဉ်** မှတ် ၇ (ဇူ၂၀၀၅)၊ ၂၉။ [ဆ/နိုင်]

## ယ

**ယမုန်၊ မောင်**

WASP ဆိုတဲ့ ဝေါဟာရ။ **၂၁– စာစဉ်** မှတ် ၇ (ဇူ၂၀၀၅)၊ ၃၀။ [ဆ/စာ]

ယန်ရှီယွဲ

**ရှီယွဲ၊ ယန်** ကြည့်

# ရ

## ရဝတ်၊ ဗီဂျေး

ကိုလိုနီဝါဒသစ်ရဲ့ လွှမ်းမိုးခြိမ်းခြောက်မှုအောက်မှ ဆီရီယာလီယွန်။ **၂၁– စာစဉ်** မှတ် ၅ (ဇွန် ၂၀၀၁)၊ ၅၀–၅၃။ [ဆပြန်/သမိုင်း]
အိန္ဒိယကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ) ၏ အပါတ်စဉ်ထုတ် *People's Democracy* (၄ ဇွန် ၂၀၀၀) မှ ဗီဂျေးရဝတ် (Vijay Rawat) ၏ “Sierra Leone, Under threat of Neo–Colonial Conquest” ကို ပြန်ဆိုထားသည်။

## ရာပြည့်

တိုတိုထွာထွာ ရေးချင်ရာရာ။ **၂၁– စာစဉ်** မှတ် ၁၁ (ဩ ၂၀၀၇)၊ ၂၅–၂၇။ [ဆ/စာ]
(၁) ဦးနု၏ “ငါးနှစ်ရာသီဗမာပြည်” ဒုတိယအကြိမ် ဖတ်ပြီးနောက် အတွေးများ၊ (၂) စစ်ဗိုလ်ဟောင်းတွေ စာအုပ်ရေးထုတ်ကြတဲ့အခါ၊ (၃) သခင်တင်မြ ဘုံဘဝမှာဖြင့် တတိယတွဲ ရေးသင့်တယ်၊ (၄) နိုင်ငံရေး အတွေးအခေါ် ဖြန့်ဝေသူများ ပါရှိပါသည်။

ရဲဘော်ကောင်းဇံ
**ကောင်းဇံ၊ ရဲဘော်** ကြည့်

ရဲဘော်ကြည်လင်
**ကြည်လင်၊ ရဲဘော်** ကြည့်

ရဲဘော်စိန်ထွန်း
**စိန်ထွန်း၊ ရဲဘော်** ကြည့်

ရဲဘော်စိန်သော်

**စိန်သော်၊ ရဲဘော်** ကြည့်

ရဲဘော်ညိုမင်း

**ညိုမင်း၊ ရဲဘော်** ကြည့်

ရဲဘော်ညိုမောင်

**ညိုမောင်၊ ရဲဘော်** ကြည့်

**ရဲဘော်တဦး (ပြည်တွင်းမှ-)**

ဗမာပြည် ဒီမိုကရေစီအရေးတော်ပုံ။ **၂၁- စာစဉ်** မှတ် ၁၄ (နို ၂၀၀၉)၊ ၉၁-၉၅။ [ဆ/နိုင်]

ရဲဘော်တင်ဦး

**တင်ဦး၊ ရဲဘော်** ကြည့်

ရဲဘော်ထွန်းမြတ်

**ထွန်းမြတ်၊ ရဲဘော်** ကြည့်

ရဲဘော်ပြုံးချို

**ပြုံးချို၊ ရဲဘော်** ကြည့်

ရဲဘော်မသန်းအေး

**သန်းအေး၊ မ (ရဲဘော်-)** ကြည့်

ရဲဘော်မင်းထွန်း

**မင်းထွန်း၊ ရဲဘော်** ကြည့်

ရဲဘော်မျိုးတင့်လွင်

**မျိုးတင့်လွင်၊ ရဲဘော်** ကြည့်

ရဲဘော်ရှုယဉ်

**ရှုယဉ်၊ ရဲဘော်** ကြည့်

ရဲဘော်လီဒလူဂင်

**လီဒလူဂင်၊ ရဲဘော်** ကြည့်

ရဲဘော်လွင်မိုး

**လွင်မိုး၊ ရဲဘော်** ကြည့်

ရဲဘော်ဝင်းချို

**ဝင်းချို၊ ရဲဘော်** ကြည့်

ရဲဘော်ဝင်းသိန်း

**ဝင်းသိန်း၊ ရဲဘော်** ကြည့်

ရဲဘော်သန်းအေး

**သန်းအေး၊ ရဲဘော်** ကြည့်

ရဲဘော်သိန်းဝင်း
**သိန်းဝင်း၊ ရဲဘော်** ကြည့်

ရဲဘော်ဦးကြည်ဝေ
**ကြည်ဝေ၊ ဦး (ရဲဘော်–)** ကြည့်

ရဲဘော်အေးသောင်
**အေးသောင်၊ ရဲဘော်** ကြည့်

ရဲဘော်အောင်နိုင်ဦး
**အောင်နိုင်ဦး၊ ရဲဘော်** ကြည့်

ရဲဘော်အောင်လွင်
**အောင်လွင်၊ ရဲဘော်** ကြည့်

**ရင်ချင်၊ ချိန်**

မျက်မှောက်ခေတ် ကမ္ဘာ့အမျိုးသားရေးဝါဒ။ **၂၁– စာစဉ်** မှတ် ၁ (မေ ၁၉၉၉)၊ ၁–၁၆။ [ဆပြန်/နိုင်ကာ]
**မျက်မှောက်ကမ္ဘာနှင့် ဆိုရှယ်လစ်ဝါဒ** (၁၉၉၈၊ အမှတ် ၃) တရုတ်ဘာသာဂျာနယ်မှ ဆောင်းပါးကို ပြန်ဆိုထားသည်။

**ရှီယွဲ၊ ယန်**

ယနေ့ ကမ္ဘာ့အင်အားကြီးများ ဆက်ဆံရေးအခြေအနေ။ **၂၁– စာစဉ်** မှတ် ၂ (အောက် ၁၉၉၉)၊ ၁၇–၂၀၊ ၃၇။ [ဆပြန်/နိုင်ကာ]
**ပီကင်းရီဗျူး** (၁–၉ မတ် ၁၉၉၉) မှ ယန်ရှီယွဲ (Yang Xiyue) ၏ “Power Relations in Today's World” ဆောင်းပါးကို ဘာသာပြန်ဆိုသည်။

**ရှုယဉ်၊ ရဲဘော်**

ဂျပန် ဘယ်လဲ။ **၂၁– စာစဉ်** မှတ် ၇ (ဇူ၂၀၀၅)၊ ၂၀–၂၃။ [ဆ/နိုင်ကာ]

နေတိုး အရှေ့တိုးရေးပြဿနာ။ **၂၁– စာစဉ်** မှတ် ၁၂ (ဇန် ၂၀၀၉)၊ ၈၅–၈၈။ [ဆ/နိုင်ကာ]

ပူတင်ရဲ့ ကမ်းလှမ်းချက်။ **၂၁– စာစဉ်** မှတ် ၁၁ (ဩ ၂၀၀၇)၊ ၅၈–၆၀။ [ဆ/စစ်]

ဘရစ်တန်ဝုစနစ်အကြောင်း သိကောင်းစရာ။ **၂၁– စာစဉ်** မှတ် ၁၃ (မေ ၂၀၀၉)၊ ၃၆–၄၁။ [ဆ/စီး]

မော်ရဲ့ ပါဝါအပျော့။ **၂၁– စာစဉ်** မှတ် ၁၀ (နို၂၀၀၆)၊ ၅၇–၆၀။ [ဆ/တန]

ရေတွင်းတူးပေးခဲ့သူများ။ **၂၁– စာစဉ်** မှတ် ၈ (ဒီ ၂၀၀၅)၊ ၁–၅။ [ဆ/သမိုင်း]

ရိုက်စ်ရဲ့ သံခင်းတမန်ခင်းသစ်များ။ **၂၁– စာစဉ်** မှတ် ၉ (ဧ ၂၀၀၆)၊ ၄၃–၄၆။ [ဆ/နိုင်ကာ]

အိုဘားမားရဲ့ သံလွင်ခက်။ **၂၁– စာစဉ်** မှတ် ၁၄ (နို ၂၀၀၉)၊ ၃၈–၄၂။ [ဆ/နိုင်ကာ]

ရှောင်ဖုန်း
**ဖုန်း၊ ရှောင်** ကြည့်

# လ

လီချန်ကျိုး

**ချန်ကျိုး၊ လီ** ကြည့်

**လီဒလူဂင်၊ ရဲဘော်**

၂၁ ရာစုနှစ်ဟာ ဆိုရှယ်လစ်စနစ်ရဲ့ ရာစုနှစ်ဖြစ်တယ်။ **၂၁– စာစဉ်** မှတ် ၃ (မတ် ၂၀၀၀)၊ ၁–၄။ [ဆပြန်/နိုင်ကွန်]
ဂရိနိုင်ငံ အေသင်မြို့တွင် ၁၉၉၉ ခုနှစ် မေလ ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့သည့် နိုင်ငံတကာကွန်မြူနစ်နှင့် အလုပ်သမားပါတီများ၏ အစည်းအဝေး၌ ပြောကြားခဲ့သော အမေရိကန်ပြည်ထောင်စု ကွန်မြူနစ်ပါတီ၊ နိုင်ငံတကာရေးရာအတွင်းရေးမှူး ရဲဘော်လီဒလူဂင်၏ မိန့်ခွန်းကို ဘာသာပြန်ဆိုသည်။

**လက်တင်အမေရိက လက်ဝဲဂိုဏ်းထွန်းကားလာတဲ့ သွင်ပြင်သစ်**

လက်တင်အမေရိက လက်ဝဲဂိုဏ်းထွန်းကားလာတဲ့ သွင်ပြင်သစ်။ **၂၁– စာစဉ်** မှတ် ၅ (ဇွန် ၂၀၀၁)၊ ၄၈–၄၉။ [ဆပြန်/နိုင်ကွန်]
တရုတ်ဘာသာဖြင့် ထုတ်ဝေသော **ချန်းခေါင်**စာစောင် (၂၂ မတ် ၂၀၀၀) မှ ဆောင်းပါးကို ဘာသာပြန်ဆိုသည်။ မူရင်းစာရေးသူအမည်နှင့် ဘာသာပြန်သူအမည် မပါရှိသဖြင့် ဆောင်းပါးခေါင်းစီးအမည်ဖြင့်သာ စီစဉ်ထားပါသည်။

လင်တယ်စန်း

**တယ်စန်း၊ လင်** ကြည့်

**လွင်မိုး၊ ရဲဘော်**

ဂန္ဒီ၏ အာဏာဖီဆန်သော အကြမ်းမဖက်ရေးလမ်းကြောင်း။ **၂၁– စာစဉ်** မှတ် ၈ (ဒီ ၂၀၀၅)၊ ၆၀–၆၁။ [ဆ/နိုင်]

## လွန်းမော်

သမ္မတဘုရှ်နေညိုချိန် လက်တင်အမေရိက ခရီး။ **၂၁– စာစဉ်** မှတ် ၁၁ (ဩ ၂၀၀၇)၊ ၆၅–၆၇။ [ဆ/စီး]

## လှပေါ်ဦး

အစိမ်းရောင်နဂါးကြီး နိုးထလာနေပြီ။ **၂၁– စာစဉ်** မှတ် ၈ (ဒီ ၂၀၀၅)၊ ၉၈–၁၀၂။ [ဆ/သ]

အမေရိကားမှ ဦးကလိန်ကြီး မားဒေါ့။ **၂၁– စာစဉ်** မှတ် ၁၃ (မေ ၂၀၀၉)၊ ၁၀၅–၉။ [ဆ/စီး]

အင်အားအမာနဲ့ အင်အားအပျော့ကို ညီညွတ်မျှတအောင် ပေါင်းစည်းထားတဲ့ ပညာသားပါတဲ့ အင်အား (Smart power)။ **၂၁– စာစဉ်** မှတ် ၁၄ (နို ၂၀၀၉)၊ ၈၆–၉၀။ [ဆ/နိုင်ကာ]

## လှဝင်း၊ မောင် (မြင်းခြံ)

ဘယ်လဲဘာလဲ အမေရိကား ကဗျာများ။ **၂၁– စာစဉ်** မှတ် ၁၀ (နို၂၀၀၆)၊ ၆၁–၇၃။ [ဆ/စာ]

## လှသော်ဦး

လောင်စာအစားထိုး အီသနောစီမံကိန်း ကြက်ဆူဆီစီမံကိန်းတွေနဲ့ သူတို့တတွေ မာန်ထုတ်နေကြလေရဲ့။ **၂၁– စာစဉ်** မှတ် ၉ (ဧ ၂၀၀၆)၊ ၁၀၂–၆။ [ဆ/နိုင်]

# ဝ

## ဝသန်ဦး

စစ်အုပ်စုရှိနေသရွေ့ အမျိုးသားစည်းလုံးရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ရရှိနိုင်မှာမဟုတ်။ **၂၁– စာစဉ်** မှတ် ၁၄ (နို ၂၀၀၉)၊ ၂၁–၂၈။ [ဆ/နိုင်]

လူမျိုးစုံတာ၊ ဘာသာစကားများပြားတာ၊ ကိုးကွယ်တဲ့ဘာသာ များပြားတာ ပြဿနာမဟုတ်ပါ။ **၂၁– စာစဉ်** မှတ် ၁၃ (မေ ၂၀၀၉)၊ ၄၂–၅၂။ [ဆ/နိုင်]

## ဝင်းချို၊ ရဲဘော်

အလယ်အာရှဒေသက အင်အားကြီးနိုင်ငံများရဲ့ လွန်ပွဲ။ **၂၁– စာစဉ်** မှတ် ၉ (ဇ ၂၀၀၆)၊ ၈၈–၉၂။ [ဆ/နိုင်ကာ]
မှတ်ချက်။ ။ ဤဆောင်းပါးကို ရဲဘော်အောင်နိုင်ဦး နှင့် ရဲဘော်ဝင်းချို ပူးတွဲရေးသားထားခြင်း ဖြစ်သည်။ **အောင်နိုင်ဦး၊ ရဲဘော်** ကိုလည်းကြည့်။

## ဝင်းသိန်း၊ ရဲဘော်

မြန်မာပြည် ပြဿနာ။ **၂၁– စာစဉ်** မှတ် ၁၀ (နို၂၀၀၆)၊ ၃၃–၃၄။ [ဆ/နိုင်]

သူတို့ခြေလှမ်း။ **၂၁– စာစဉ်** မှတ် ၁၁ (ဩ ၂၀၀၇)၊ ၆၈–၆၉။ [ဆ/နိုင်ကာ]

## ဝင်းအောင်

တရုတ်–ဂျပန်စစ်ပွဲ အမေရိကန်က ဖြစ်စေချင်သလား။ **၂၁– စာစဉ်** မှတ် ၁၀ (နို၂၀၀၆)၊ ၃၆–၃၇။ [ဆ/စစ်]

အမေရိကန်စစ်စခန်းများနှင့် အင်ပါယာ။ **၂၁– စာစဉ်** မှတ် ၉ (ဇ ၂၀၀၆)၊ ၃၅–၄၂။ [ဆ/စစ်]

## သ

### သတင်းသမားများ ညာနေကြသည်

သတင်းသမားများ ညာနေကြသည်။ **၂၁– စာစဉ်** မှတ် ၂ (အောက် ၁၉၉၉)၊ ၂၅–၂၇။ [ဆပြန်/နိုင်ကာ]
ဗြိတိန်နိုင်ငံထုတ် (*Newstatesman*) ဂျာနယ် (၁၉ ဧပြီ ၁၉၉၉ ရက်ထုတ်) မှ “Journalist are not giving us the real story” ဆောင်းပါးကို ပြန်ဆိုထားသည်။ မူရင်းစာရေးသူအမည်နှင့် ဘာသာပြန်သူအမည် မပါရှိသဖြင့် ဆောင်းပါးခေါင်းစီးအမည်ဖြင့်သာ စီစဉ်ထားပါသည်။

### သီရိမြိုင်

တရုတ်ပြည်ရဲ့ “တာဝန်ယူစိတ်ရှိတဲ့ နိုင်ငံကြီး” ဆိုတဲ့ သံတမန်မဟာဗျူဟာ။ **၂၁– စာစဉ်** မှတ် ၁၄ (နို ၂၀၀၉)၊ ၉၆–၁၀၂။ [ဆ/နိုင်ကာ]

### သစ်ဦးဆွေ

ပါလက်စတိုင်းက မာမုအဘတ်စ်အကြောင်း မိတ်ဆက်။ **၂၁– စာစဉ်** မှတ် ၇ (ဇူ၂၀၀၅)၊ ၂၄။ [ဆ/ထုပ်]

မျိုးဆက်ပြောင်းရင် ကောင်းလာတတ်သလား။ **၂၁– စာစဉ်** မှတ် ၉ (ဇ ၂၀၀၆)၊ ၂၂–၂၃။ [ဆ/နိုင်]

ဟိုင်ပါ အင်ဖလေးရှင်းဆိုတဲ့ မဟားဒယား ငွေကြေးဖောင်းပွမှု ဖြစ်နေပြီလား။ **၂၁– စာစဉ်** မှတ် ၁၁ (ဩ ၂၀၀၇)၊ ၁၃–၁၅။ [ဆ/စီး]

### သောင်းထွန်းမြင့်

ကန်ထရိုက်စစ်သား–ကြေးစားစစ်သား ဘယ်ကလာလို့ ဘယ်ကိုသွား။ **၂၁– စာစဉ်** မှတ် ၁၁ (ဩ ၂၀၀၇)၊ ၉၀–၉၄။ [ဆ/စစ်]

ရေနံမဟာမိတ်ဖွဲ့မှု။ **၂၁– စာစဉ်** မှတ် ၉ (ဇ ၂၀၀၆)၊ ၈၁–၈၅။ [ဆ/စီး]

၂၁ ရာစု ကားလ်မာ့က်စ်ရဲ့ အခန်းကဏ္ဍ။ **၂၁– စာစဉ်** မှတ် ၁၀ (နို၂၀၀၆)၊ ၁၀၂–၈။ [ဆ/မ]

**သန်းဇင်သိန်း**

သတိ...ရှေ့မှာ အချက်ပြမီးနီ။ **၂၁– စာစဉ်** မှတ် ၁၄ (နို ၂၀၀၉)၊ ၉–၁၃။ [ဆ/စာ]

**သန်းနောင်**

RDX အကြောင်း သိကောင်းစရာ။ **၂၁– စာစဉ်** မှတ် ၇ (ဇူ၂၀၀၅)၊ ၄၄–၄၅။ [ဆ/စစ်]

**သန်းမြရွှေ၊ မောင်**

ကုလသမဂ္ဂနဲ့ ကမ္ဘာ့စည်းစနစ်သစ်။ **၂၁– စာစဉ်** မှတ် ၈ (ဒီ ၂၀၀၅)၊ ၄၁–၅၂။ [ဆ/ကလ]

ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးကပ်။ **၂၁– စာစဉ်** မှတ် ၁၄ (နို ၂၀၀၉)၊ ၃၂–၃၇။ [ဆ/စီး]

